ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (27-6-2008) (၅၇၂၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ATS ဆေးပြား၊ Ketamine၊ ICE၊ Ecstasy စသော ခေတ်ပေါ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိ

မိမိတို့၏ သားသမီး၊ မြေးများခေတ်အထိ နောင်အနာဂတ်ကိုမျှော်ကိုး၍ မူးယစ်ဆေးဝါးကင်းစင်ရေးကို ရေတိုရေရှည်စီမံချက်များ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၆

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illicit Trafficking) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ယနေ့သည် ဇွန် ၂၆ ရက် ဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပနေချိန်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းနှင့် သက်ဆိုင်ပြီး လူသားတစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသော ပြဿနာပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသည့် နိုင်ငံအားလုံးကို ခြောက်လှန့်နေကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် လူသားများ၏ ပြဿနာဖြစ်ကြောင်း၊ ယင်းကြောင့်ပင် "ကမ္ဘာ့ပြဿနာ မူးယစ်ဆေး တစ်ကမ္ဘာလုံးက တိုက်ဖျက်ပေး" ဆိုသည့်အတိုင်း မိမိတို့အနေဖြင့် ထိုအထိမ်းအမှတ်နေ့

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် ကယ်ဆယ်ရေးစခန်းများ၌ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၆

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက် ကြီးကြပ်မှုဖြင့် ပဲခူးတိုင်း (ဒေသဆိုင်ရာ ရောဂါစုံစမ်းထောက်လှမ်းရေးအရာရှိ) ဒေါက်တာနီနီအေး ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦးတို့သည် ဇွန် ၂၃ရက် ညနေပိုင်းတွင် လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းနှင့် (၅)မိုင် ကယ်ဆယ်ရေးစခန်းတို့၌ ငှက်ဖျားရောဂါပိုး သယ်ဆောင်နိုင်သော ခြင်များကို ရှာဖွေဖမ်းဆီးစုဆောင်းလေ့လာ ခဲ့ကြသည်။

ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့်အတူ လပွတ္တာမြို့နယ်မှ ငှက်ဖျားကွင်းဆင်းအဖွဲ့ဝင် သုံးဦးတို့သည် (၅)မိုင်ကယ်ဆယ်ရေးစခန်းနှင့် (၃)မိုင်ကယ်ဆယ်ရေးစခန်းတို့၌ ပြည်သူများအား ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ အသက်(၂)နှစ်မှ (၉)နှစ်အတွင်း ကလေးငယ်များအား ဘေလုံးစမ်းသပ်စစ်ဆေးခြင်း၊ ဖျားနာနေသော ကလေးနှင့် လူကြီးများအား သွေးဖောက်၍ ဓာတ်ခွဲစစ်ဆေးခြင်း၊ ရောဂါပိုးတွေ့ရှိသူအား ငှက်ဖျားဆေး ပေးခြင်း၊ သုံးစွဲသိုလှောင် ရေများနှင့် ရေအိုင်၊ စမ်းချောင်းတို့၌ ပိုးလောက်လမ်းများရှာဖွေစစ်ဆေးခြင်း၊ ဆေးဖျန်းခြင်း (Spraying)၊ ခြင်ဆေးမှုတ်ခြင်း (Fogging) လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယနေ့ ဆောင်းပါးအညွှန်း

"အချင်းချင်း သဘောထားကွဲလွဲမှုမျိုးတွေ၊ သဘောထားမညီမျှမှုတွေဆိုတာက အနည်းအကျဉ်းတော့ ရှိမှာပါပဲ။ ဒါဟာ ဝိရောဓိမျှသာဖြစ်လို့ ပဋိပက္ခအသွင်ရောက်အောင်အထိ မနိုင်ဝန်ကို ထမ်းမလာစေချင်ပါဘူး။ ဒီလိုနေရာမျိုးမှာ ငါတကော မကောဘဲ အများရဲ့ဆန္ဒကို လေးစားလိုက်နာတာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရပဲဖြစ်ပါတယ်"

လေ့လာသူတစ်ဦး၏ **"ချစ်၍ခေါ်သည်. . . လိုက်တော်မူခဲ့"**

(ဆောင်းပါး) စာမျက်နှာ- ၆၊ ၇

အတည်ပြုချိန် ၂း၂၀

The Mirror

၂၇-၆-၂၀၀၈
(သောကြာနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စေတနာသွေးဖြင့် လူ့အသက်ကိုကယ်တင် ပုံမှန်သွေးလှူဒါန်းခြင်းဖြင့် ကုသိုလ်ပါဝင်

သွေးသည် လူ၏အသက်ပင်ဖြစ်ရာ သွေးလှူဒါန်းခြင်းသည် ဇီဝိတဒါနထူးကဲသော အလှူဖြစ်သည်။ မိမိကိုယ်တိုင် သွေးလှူခြင်းနှင့် စေတနာသွေးလှူရှင်များ တိုးပွားများပြားလာစေရေး အားထုတ်ကြိုးပမ်းနေခြင်းသည် မွန်မြတ်သော ကုသိုလ်ပြုခြင်းပင်ဖြစ်သည်။

ဆေးရုံများတွင် သွေးသွင်းကုသရန် လိုအပ်သော လူနာများအတွက် သွေးကို အချိန်မီလုံလောက်စွာ ရရှိရန်လိုအပ်သကဲ့သို့ ကျန်းမာသန့်စင်သည့် သွေးလှူရှင်များက လှူဒါန်းကြရန်လည်း အရေးကြီးသည်။ အထူးသဖြင့် သွေးလှူရှင်များသည် ကျန်းမာပြီးသွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှုရောဂါပိုး၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးစသည့် ကူးစက်နိုင်သော ရောဂါပိုးကင်းစင်သူများ ဖြစ်ကြရမည်ဖြစ်သည်။

စေတနာသွေးလှူရှင်များတွင် ကာလအကန့်အသတ်ဖြင့် ပုံမှန်သွေးလှူဒါန်းနေသော သွေးလှူရှင်များ၊ အသင်းအဖွဲ့များဖြင့် အခါအားလျော်စွာ သွေးလှူဒါန်းနေသူများ၊ တစ်ဦးချင်း လာရောက်သွေးလှူဒါန်းနေသူများ ပါဝင်သည်။ အဆိုပါ သွေးလှူရှင်များတွင် ပုံမှန်လာရောက် လှူဒါန်းသော သွေးလှူရှင်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလျက်ရှိသည်။

ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများအတွက် နှစ်စဉ်လိုအပ်နေသော သွေးများကို လေးလတစ်ကြိမ် ပုံမှန်လှူဒါန်းနေသူများ၊ တစ်နှစ်လျှင် တစ်ကြိမ်ခန့် လှူဒါန်းနေသူများ၏ စေတနာသွေးများဖြင့် ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ အမျိုးသားသွေးဌာနတွင် ၂၀၀၅ ခုနှစ်က ပုံမှန်ပြန်လည်လှူဒါန်းနေသော သွေးလှူရှင် ၁၂၀၀၀ ကျော်ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၁၃၀၀၀ကျော်အထိ တိုးတက်လာကြောင်း သိရသည်။

ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများက ပထမအကြိမ် လာရောက်လှူဒါန်းသော သွေးလှူရှင်များ စုဆောင်းရရှိရေး၊ ပုံမှန်ပြန်လည်လှူဒါန်းနေသော သွေးလှူရှင်များ ကျန်းမာရေး၊ လုံခြုံစိတ်ချ အန္တရာယ်ကင်းရေး ဂရုတစိုက် စောင့်ရှောက်မှုပေးလျက်ရှိသည်။

သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာ အချိန်ကြာပြီး သွေးလှူရှင်များအား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားဖြည့်လန်းဆန်းစေနိုင်ခြင်းတို့ကြောင့် အသက် ၁၈ နှစ်မှ ၆၀ အတွင်းရှိ ကျန်းမာရေးကောင်းမွန်သူတိုင်းသွေးလှူသင့်ပေသည်။သွေးလှူဘဏ်ဝန်ထမ်းများက သွေးလှူရှင်များ အန္တရာယ်ကင်းစွာ လှူဒါန်းနိုင်ရေး၊ ဝန်ဆောင်မှုပေးခြင်းများနှင့်အတူ သွေးလှူရှင်တိုင်းက ကျန်းမာပြီး အန္တရာယ်ကင်းသော လူနေမှုစရိုက်တွင် နေထိုင်ခြင်း၊ သွေးအချိန်မှန် ပြန်လည်လှူဒါန်းခြင်းများမပြတ်ဆောင်ရွက်၍ လူ့အသက်ပေါင်းများစွာကို ကယ်တင်နေခြင်းသည် ဇီဝိတဒါနမွန်မြတ်သောကုသိုလ်ပြုခြင်းပင် ဖြစ်ပါသည်။ ။

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေ၌ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၆

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဗိုလ်ချုပ်ကျော်စွာခိုင်တို့ လိုက်ပါလျက် ဇွန် ၂၂ ရက်တွင် ပဲခူးတိုင်းရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက မြေထိုး၊ မြေတူးယန္တရားထုတ်လုပ်မှု စက်ရုံစီမံကိန်း၏ စက်များရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်မှု အခြေအနေတို့ကိုလည်းကောင်း၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ၏ စက်များ တပ်ဆင်ပြီးစီးမှု၊ စက်များ စမ်းသပ်လည်ပတ်မှုနှင့် မြန်မာ-ကိုရီးယားစက်မှုသင်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံစီမံကိန်း၏ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက သာဂရစက်မှုနယ်မြေရှိ စီမံကိန်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ လမ်းများဖောက်လုပ်ပြီးစီးမှု၊ ရေနှင့် လျှပ်စစ်ဓာတ်အားရရှိရေး စီစဉ်ထားရှိမှုနှင့် စီမံကိန်းနယ်မြေ စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်များစိုက်ပျိုးထားရှိမှုကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်မှုနယ်မြေအတွင်း ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းရှိ Ware House အတွင်း ကုန်ကြမ်းပစ္စည်းများ ဖြည့်ဆည်းထားရှိမှု၊ မြေထိုး မြေတူးယန္တရားစက်ရုံ စီမံကိန်း၏ Metal Forming Shop နှင့် Assembly Shop တို့ကိုကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာစက်ရုံ အဆောက်အအုံ တည်ဆောက်မှုနှင့် မြန်မာ-ကိုရီးယား စက်မှုသင်တန်းကျောင်းတည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း သာဂရစက်မှုနယ်မြေရှိ မြေထိုး၊ မြေတူးယန္တရား ထုတ်လုပ်မှု စက်ရုံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၂)

ဆရာတော် ဦးသုမင်္ဂလ တရားပွဲ

ရန်ကုန် ဇွန် ၂၆

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ ဆရာတော်ဦးသုမင်္ဂလ အရှင်သူမြတ်သည် ရန်ကုန်တိုင်း တာမွေမြို့နယ် ဗျိုင်းရေအိုးစင် (ရွာမ)ရပ်ကွက် ၁၅၁ လမ်းရှိ "ဧ"ဓမ္မာရုံကြီး၌ ဇွန် ၂၉ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင် ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် တရားဒေသနာတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

လှိုင်မြို့နယ် (၅) ရပ်ကွက် ကြခင်းကျောင်းပရိယတ္တိစာသင်တိုက်၌ အသစ်တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းဆောင်တော်ကြီး အတွက် လှိုင်မြို့နယ် (၃) ရပ်ကွက် (၆) လမ်းနေ ဒေါ်မြင့်မြင့် (ကောင်းရှယ်သန့်) ဆန်ဆိုင်မိသားစုက ကွယ်လွန်သူ ဖခင်ကြီး ဦးစွိတီ(ပုသိမ်) ငါးနှစ်ပြည့်အတွက် ဇွန် ၂၄ ရက်က အလှူငွေကျပ် သုံးသိန်းကို ကြခင်းကျောင်းဆရာတော် အရှင်ပဏ္ဍိစ္စ (နေပြည်တော်တပ်ကုန်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၆

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက် လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ဇွန် ၂၅ ရက်က လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ Mr. Albert Chou, BENWOOD International Co, Ltd. (တရုတ်တိုင်ပေ) က ငွေကျပ်နှစ်သိန်း၊ ကမန်မျိုးနွယ်စု တိုင်းရင်းသားများက ငွေကျပ် ၁၀ သိန်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းဌာန အသီးသီးရှိ ဝန်ထမ်းများက ငွေကျပ် ၅၃၇၈၇၀၊ ဦးမောင်မောင်ဖေနှင့် ဒေါ်ခင်စန်းဝင်း၊ သား ကျော်စွာဖေ မိသားစု(စမ်းချောင်းမြို့နယ်)က ငွေကျပ်တစ်သိန်း၊ ကိုကျော်မျိုးလွင်နှင့် မယဉ်ယဉ်ဝင်း၊ ပညာဝတီအိမ်ရာ (အနောက်ရန်ကင်း)က ငွေကျပ် တစ်သိန်းနှင့် ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့ မြန်မာသံရုံးမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၄၁၀၀ တို့ဖြစ်သည်။

ဇွန် ၂၅ ရက်တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၃၇၃၇၈၇၀ နှင့် အမေရိကန်ဒေါ်လာ ၄၁၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်း တိုက်ခတ်ခံရသော ဒေသများအတွက် ကမန်မျိုးနွယ်စု တိုင်းရင်းသားများက ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (27-7-2004) (၄၃၀၇)

ဂါရဝေါ စ
တော် မင်္ဂလ မုတ္တမံ။

ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ–တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ–တရုတ် နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များ အလျဉ်မပြတ်ဖြစ်ထွန်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်နှင့် စာချွန်လွှာအများအပြား လက်မှတ်ရေးထိုးနိုင်ခဲ့ သဘောတူညီချက်များ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ–တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တစ်ပါတည်းဆောင်ရွက်နိုင်ခဲ့

အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် ယခု ၂၀၀၄ခုနှစ် ဇူလိုင်လအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ကြောင်း၊ ယင်းခရီးစဉ်မှာ ချစ်ကြည်ရေးခရီးစဉ်ဖြစ်သော်လည်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းသဘောညှိနှိုင်းဆောင်ရွက်မှုများလည်း တစ်ပါတည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပြီးဖြစ်ရာ ယခုမိမိ၏ ချစ်ကြည်ရေးခရီးစဉ်တွင် တည်ရှိပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ညီရင်းအစ်ကို ချစ်ကြည်ရေးအဆင့်အထိ တိုးတက်မြင့်မားစေခဲ့ကြောင်း။

မိမိ၏ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ဟူကျင်တောင်၊ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အမြဲတမ်းအဖွဲ့ဝင် မစ္စတာလော်ဂန်တို့နှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း။

ညှိနှိုင်းဆွေးနွေးခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် သီးသန့်တွေ့ဆုံမှုတစ်ကြိမ်နှင့် လုပ်ငန်းသဘော တွေ့ဆုံဆွေးနွေးမှုတစ်ကြိမ် တွေ့ဆုံပြီး နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးအတွက် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

ယင်းတွေ့ဆုံဆွေးနွေးမှုများအရ နှစ်နိုင်ငံအကြား စွမ်းအင်၊ ရေအား လျှပ်စစ်၊ သတ္တု၊ စက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လယ်ယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ❁

ရွှေဘဝင်အေးသွားမယ့် ရွှေရင်အေးစပါး (၁)

ရွှေရင်အေးစပါးသည် ရွှေဘဝင်အေးသွားမည့်အပြင် ရွှေအသွင် ထွေးပွေ့ထားအပ်သည့် စိုက်သူ၊ စားသူ အကြိုက် စပါးမျိုးဖြစ်ရကား ပေါပေါစား များများလူ ရွှေပြည်နိဗ္ဗူအောင်ဆုယူဖို့ ထွန်းပြူပေါ်ထွက်လာသော စပါးမျိုးကောင်းဖြစ်။

ရတနာစည်ဆရာတော် (လှိုင်လင်) ၏ဆောင်းပါး စာမျက်နှာ–၆

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၇-၂၀၀၄
(အင်္ဂါနေ့)

ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြု သီးနှံစုံအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ပြည်သူများ၏ စားနပ်ရိက္ခာ ပြည့်စုံဖူလုံရေးနှင့် ဆက်စပ်လျက်ရှိသည့်အပြင် နိုင်ငံသူ၊ နိုင်ငံသားအများစုကြီးဖြစ်သည့် တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားလာစေရန် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။

နိုင်ငံတော်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်လာစေရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမြေဧကများ တိုးတက်ရေး၊ သီးနှံစုံအထွက်တိုးရေး၊ တစ်သီးမှ နှစ်သီး၊ သုံးသီး တိုးချဲ့စိုက်ပျိုးလာနိုင်ရေးအတွက် စိုက်ပျိုးရေရရှိစေရန် ဆည်မြောင်း၊ တာတမံ၊ ရေထိန်းတံခါးများစွာတို့ကို တည်ဆောက်ပေးလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်လာနိုင်ရန် ပံ့ပိုးကူညီပေးလျက်ရှိသည်။ ယခုအခါ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင် အများအပြားသည် လယ်ယာမြေများကို ဧကသောင်းချီ၍ဖော်ထုတ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်လ ၉ ရက်နေ့က ဧရာဝတီတိုင်း ခရီးစဉ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိစဉ် တံတားသံပေါင်နှင့် တည်ဆောက်ရေးပစ္စည်းများနေရာချထားမှုနှင့် လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ကြရေး မှာကြားခဲ့သည်။

ပုသိမ်တံတားသည် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်၌တည်ရှိပြီး ငဝန်မြစ်၏ အရှေ့ဘက်ကမ်း မရမ်းချောင်းကျေးရွာနှင့် အနောက်ဘက်ကမ်း ကမ်းနီကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသည်။

ပုသိမ်တံတားမှာ အရှည်ပေ ၂၁၄၀ ရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ သံပေါင်ကြိုးတံတားအဖြစ် တည်ဆောက်လျက်ရှိသည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက်ကမ်းဒေသများဖြစ်သော ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေအပါအဝင် ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်တို့၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအကျိုးပြုနိုင်မည်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခရီးစဉ်အတွင်း ကန်ကြီးဒေါင့်မြို့နယ် ကွင်းယားကြီးအရှေ့ကျေးရွာအုပ်စုရှိ မြို့ဝင်ဧက ၄၀၀ စံပြစိုက်ကွက်စိုက်ပျိုးခြင်း နည်းပညာသရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုပြီး ဒေသခံတောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းပညာများနှင့်အညီ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ကြိုးပမ်းစိုက်ပျိုးကြရန် မှာကြားခဲ့သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ကုန်ကျစရိတ်သက်သာစွာဖြင့် စပါးအထွက်တိုးစေရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို နည်းစနစ်မှန်ကန်စွာသုံးစွဲရေး ပညာပေးကူညီလျက်ရှိသည်။ ကန်ကြီးဒေါင့်မြို့နယ် စိုက်ပျိုးခြင်း နည်းပညာသရုပ်ပြပွဲတွင် ကိုယ့်မျိုးကိုယ်ပွား ခေါင်နှံမျိုးသန့်စပါး စိုက်ပျိုးခြင်းနည်းပညာ၊ ခေတ်သစ်ပျိုးထောင်စိုက်စနစ်နည်းပညာနှင့် စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းနည်းပညာများဖြင့် သရုပ်ပြစိုက်ပျိုးထားသည်။

ဧရာဝတီတိုင်းသည် စိုက်ပျိုးမွေးမြူရေးတွင် နိုင်ငံတော်က အဓိကအားထားရသည့် တိုင်းတစ်တိုင်းဖြစ်ပြီး ယခုနှစ်တွင် မိုးစပါးဧက ၃၅ သိန်း၊ နွေစပါးဧက ၁၆ သိန်းစိုက်ပျိုးရန်နှင့် ငါးကန်ဧကတစ်သိန်း အကောင်အထည်ဖော်ရန် လျာထားသတ်မှတ်ထားသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများ၊ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ အားပေးကူညီမှုများနှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပိုလျှံရေးတို့အတွက် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီး စပါးသာမက သီးနှံစုံအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ အောင်မြင်ဖြစ်ထွန်းအောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်

❀ ရှေ့ဖုံးမှ

တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အလားအလာများဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ ရှေ့မှောက်တွင် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ ၁၁ခု၊ ရှင်ကျင့်မြို့တွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းသည့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာတစ်ခု စုစုပေါင်း နှစ်နိုင်ငံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၂ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

သို့ဖြစ်၍ ယင်းနှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများနှင့်စပ်လျဉ်း၍ အမြန်ဆုံးအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ အလျဉ်မပြတ်ဖြစ်ထွန်းနေသလို ယင်းချစ်ကြည်ရေးခရီးစဉ်များ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ အများအပြားလက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ယင်းသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများအပေါ် အကောင်အထည်ဖော်မှု အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့ပြီးဖြစ်သလို အချို့သော သဘောတူညီချက်များမှာ အကောင်အထည်ဖော်ဆဲဖြစ်သည်ကို တွေ့ရကြောင်း။

စဉ်ဆက်မပြတ်ကြိုးပမ်း

သို့ဖြစ်၍ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်တွေ့အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် ဆက်လက်ဆောင်ရွက်ဖွယ်ရာများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များအတွင်းချုပ်ဆိုခဲ့သော မြန်မာ-တရုတ် သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ အကောင်အထည်ဖော်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များကို ပြန်လည်ဆွေးနွေးမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ယနေ့နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၀)၊ အမှုဆောင်အရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ်(၁)၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁၉)၊ အခြေခံအင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၇)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၃၃) သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် သင်တန်းသားများ၏ အိပ်ဆောင်၊ ထမင်းစားခန်း၊ စာသင်ခန်း၊ သင်တန်းကျောင်းများ၏ စိုက်ပျိုးရေးနှင့် သာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ဖျာပုံမြို့ ပထမလမ်း အမှတ်(၄၀)နေ ဦးကြီးစိန်-ဒေါ်အေးကြည်မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်ထံ ဇူလိုင် ၂၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဟာဗောဓိမြိုင်ဆရာတော် ဝိဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျေးဇူးတော်ရှင် ဝနဝါသီ ဧည့်ယျမ္မေသာမိ မထေရ်မြတ်၏ သက်တော်(၆၃)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲကို ဩဂုတ် ၁ရက်တွင် ဆရာတော်ကြီး မူလ တရားအားထုတ်ရာ ဒေသဖြစ်သော သဃ်န်းကျွန်းမြို့နယ်၈/တောင်ရပ်ကွက်သာသနာ့အလင်းရောင် မြတ်စွာဘုရား ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

ဗဟန်းမြို့ အမှတ် (၂၅) ကမ္ဘောဇလမ်းနေ ဦးလင်းသောင်း-ဒေါ်သီတာမြင့် မိသားစုက ဒေါ်သီတာမြင့်၏ မွေးနေ့အလှူအဖြစ် ဗီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို ဇူလိုင် ၂၂ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး) လက်ခံယူစဉ်။ (က-ပ)

(၅၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂၆

စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ကြီးအတွင်းရှိ ကျောင်းပေါင်း ၃၈ကျောင်းတွင် ဝါဆိုသီတင်းသုံးတော်မူသည့် သံဃာတော်အရှင်သူမြတ်အပါး ၇၀၀ကျော်တို့အား နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်၊ ညနေ ၃နာရီမှစ၍ အတုလာဓိပတိ၊ မဟာမုနိသကျကိုးထပ်ကြီးဘုရားရင်ပြင်၌ ဥပုသ်သည်များအဖွဲ့ကဦးဆောင်၍ ကျင်းပမည်ဖြစ်သည်။ (က-ပ)

ကလင်တန်နှင့် ဘုရှ်တို့၏ ချို့ယွင်းချက်များကြောင့် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုကို မတားဆီးနိုင်ခဲ့ကြောင်း စုံစမ်းရေးကော်မရှင် ပြောကြား

ဝါရှင်တန် ဇူလိုင် ၂၅

အမေရိကန်ပြည်ထောင်စုအား တိုက်ခိုက်မည့် အကြမ်းဖက်သမားများ၏ အကြံအစည်ကို ထောက်လှမ်းရန်နှင့် တားဆီးကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရာ၌ သမ္မတဟောင်းဘီလ်ကလင်တန်နှင့် သမ္မတဂျော့ဂ်ျ၊ ဘုရှ် တို့တွင် ပျက်ကွက်ချို့ယွင်းမှုများ တစ်ပုံတစ်ပင်ကြီးရှိကြောင်း ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုကိစ္စအား စုံစမ်းစစ်ဆေးနေသည့် ကော်မရှင်က ပြောကြားလိုက်သည်။

ကလင်တန်နှင့် ဂျော့ဂ်ျ၊ဘုရှ်တို့ နှစ်ဦးစလုံးသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့က မည်မျှရွေ့မည်မျှ သတ်ဖြတ်နိုင်ဖွယ်ရှိပြီး မည်သို့မည်ပုံ အချိန်မြန်မြန်ဆန်ဆန် ဖြစ်လာနိုင်ခြေရှိပုံကိုလည်း ပြည့်ပြည့်ဝဝ နားလည်မှုရှိသည်ဟု မိမိတို့ မယုံကြည်ကြောင်း အဆိုပါ ကော်မရှင်၏ နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းစုံစမ်းရေးအဖွဲ့က သမ္မတအား အပြစ်ပုံထားခြင်း မရှိသော်လည်း အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှု အစီအစဉ်အား ထိပ်တန်းဦးစားပေးအဖြစ် တန်ပြန်ဆောင်ရွက်ရန် သမ္မတနှစ်ဦးစလုံး ပျက်ကွက်ကြကြောင်း သုံးသပ်ထားသည်။

ဌာနတွင်းဆိုင်ရာ ပျက်ကွက်ချို့ယွင်းမှုများ ကျော်လွှားဆောင်ရွက်ရန် လိုအပ်နေစဉ် အဆင့်မြင့်ထောက်လှမ်းရေးအကြီးအကဲ အသစ်ခန့်ထားရန်နှင့် နောက်ထပ် အရေးပါသည့် အကြမ်းဖက် တိုက်ခိုက်မှုများ ပေါ်ပေါက်ဖွယ်ရှိပါက ကိုင်တွယ်ဆောင်ရွက် နိုင်စေရန်အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေး အမျိုးသားဌာနတစ်ခု ထူထောင်ရန် အဆိုပါကော်မရှင်က တိုက်တွန်းထားသည်။

အကြမ်းဖက်သမားများ၏နည်းဗျူဟာသည် ပျော့ပျော့ပျောင်းပျောင်းရှိပြီး လုပ်ရည်ကိုင်ရည် ရှိနေသောကြောင့် နည်းလမ်းတစ်ခုတည်းဖြင့် သို့တည်းမဟုတ် အသွယ်သွယ်သော နည်းလမ်းများ ချမှတ်၍ အကြမ်းဖက်သမားများအား နှိမ်နင်း၍ ရနိုင်၊ မရနိုင်ကို မိမိတို့ မသိနိုင်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရက ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ချမှတ်ဆောင်ရွက်ခဲ့သော မည်သည့်စီစဉ်ဆောင်ရွက်မှုမျိုးမဆို အယ်လ်ခိုင်ဒါအုပ်စု၏ အကြံအစည်ကို ပျက်စေ သို့တည်းမဟုတ် နှောင့်နှေးစေခြင်း မရှိခဲ့ဟု မိမိတို့ယုံကြည်မှုအပြည့်ဖြင့် ပြောကြားနိုင်ကြောင်း၊ အမေရိကန် အစိုးရတွင် စိတ်ကူးစိတ်သန်း၊ မူဝါဒ၊ လုပ်ဆောင်နိုင်သည့်စွမ်းရည်နှင့် စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ချို့ယွင်းမှုများရှိခဲ့ကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

အမေရိကန် ပြည်ထောင်စုတွင် သေဆုံးမှုများ ကြီးမားစွာဖြစ်ပေါ်နိုင်သော အကြမ်းဖက် တိုက်ခိုက်မှုဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့နေစဉ်တွင် ပြုပြင်ပြောင်းလဲရေးအတွက် အမြန်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင်များက ပြောကြားသည်။

ကာကွယ်တားဆီးရေး

မိမိတို့၏ရည်ရွယ်ချက်မှာ အပြစ်ဖို့ရန်မဟုတ်ကြောင်း၊ မိမိတို့မျှော်မှန်းချက်မှာ အနာဂတ်ကာလတွင် ပေါ်ပေါက်နိုင်သည့် တိုက်ခိုက်မှုများမှ ကာကွယ်တားဆီးရေး ဖြစ်ကြောင်း၊ မိမိတို့နှင့် ဆွေးနွေးခဲ့သမျှ ကျွမ်းကျင်သူများက ကြီးမားသည့် တိုက်ခိုက်မှုဖြစ်ပွားဖွယ်ရှိသည်ဟု မိမိတို့အား ပြောကြားခဲ့ကြောင်း၊ မိမိတို့ အချိန်ဆွဲနေချိန်မရှိတော့ကြောင်း၊ မိမိတို့ ပြင်ဆင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရတော့မည် ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ သောမတ်စ်ကင်းက ပြောကြားသည်။

ကျစ်လျစ်မှုမရှိ

အမေရိကန်ပြည်တွင်းနှင့် ပြည်ပနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေသည့် အကြမ်းဖက် တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ထောက်လှမ်းရေးသတင်းများကို တစ်စု တစ်စည်းတည်းစုစည်းပြီး အဖွဲ့တစ်ဖွဲ့ အတွင်း၌သာ လုပ်ငန်းခွဲဝေ ဆောင်ရွက်သင့်ကြောင်း၊ ယခုအချိန်တွင် ယင်းကြိုးပမ်းမှုများသည် ကျစ်လျစ်မှုမရှိဘဲ ပြန့်ကျဲလျက်ရှိနေကြောင်း အဖွဲ့ဝင် ၁၀ ဦးပါ ကော်မတီအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ လီဟီမီတန်က ပြောကြားသည်။

အမ်အင်အေ၊ ပီတီအိုင်။

ဇူလိုင်၂၄ရက်ကအီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မိမိပြည်သူများနှင့် လိုက်လျောညီထွေဖြစ်မည့် ဒီမိုကရေစီကိုကျင့်သုံးရန် ရောဘတ်မူဂါဘီတိုက်တွန်း

ဟာရာရေး ဇူလိုင် ၂၅

နိုင်ငံခြားအလှူရှင်နိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကို ဝေးဝေးမှရှောင်ကာ မိမိတို့ပြည်သူများနှင့် လိုက်လျောညီထွေဖြစ်စေမည့် စစ်မှန်သည့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို ကြိုးစားကျင့်သုံးကြရန် ဇင်ဘာဘွေ သမ္မတ ရောဘတ်မူဂါဘီက အာဖရိကတိုက်တောင်ပိုင်းနိုင်ငံများကို တိုက်တွန်းလိုက်သည်။

ဖွင့်ပွဲ

ဇင်ဘာဘွေနိုင်ငံတွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည့် အာဖရိကတိုက်တောင်ပိုင်း ဖွံ့ဖြိုးရေးအဖွဲ့ (အက်စ်အေဒီစီ)၏ ရွေးကောက်ပွဲကော်မရှင်များ ဖိုရမ်ဆွေးနွေးပွဲ၏ ခြောက်ကြိမ်မြောက် အထွေထွေညီလာခံဖွင့်ပွဲတွင် မူဂါဘီက ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

လိုအပ်

ငွေကြေးအင်အား ဖြည့်ဆည်းမှုအားနည်းချက် အပါအဝင် အာဖရိကတိုက်တောင်ပိုင်းနိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို မိမိ သိရှိကြောင်း၊ သို့ရာတွင် အုပ်စုအလိုက်သော်လည်းကောင်း၊ ရွေးကောက်ပွဲ အဖွဲ့အစည်း တစ်ခုချင်းစီကိုသော်လည်းကောင်း မှီခိုအားထားသည့် စရိုက်လက္ခဏာကို တိုက်ဖျက်ပစ်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ဟန့်တား

မှီခိုအားထားမှုကြောင့် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများကို လွတ်လွတ်လပ်လပ် ဆောင်ရွက်မှုမှ ဟန့်တားနေကြောင်း၊ နိုင်ငံအသီးသီးတွင် ရွေးကောက်ပွဲ အရည်အသွေးကို လျော့နည်းကျဆင်းစေကြောင်း ဇင်ဘာဘွေ သမ္မတက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တောင်းဆိုချက် မလိုက်လျောလျှင် ဓားစာခံများကိုကွပ်မျက်မည်ဟုခြိမ်းခြောက်

ဒူဘိုင်း ဇူလိုင် ၂၅

အီရတ်တွင် နိုင်ငံခြားသားဓားစာခံခုနစ်ဦးကို ပြန်ပေးသမားများက ဖမ်းဆီးထားကြသည်။ ၄၈ နာရီအချိန်အတွင်း ၎င်းတို့တောင်းဆိုချက်များကို မလိုက်လျောလျှင် ဓားစာခံများကို ကွပ်မျက်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။ ကူဝိတ်နိုင်ငံတွင် ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများနှင့် အမေရိကန်ထောင်များတွင် အဖမ်းခံနေရသူအီရတ်များကို ပြန်လွှတ်ပေးရန် တောင်းဆိုသည်ဟု အယ်ဂျာဇီယာရုပ်/သံသတင်းဌာနက ထုတ်လွှင့်ပြသသွားသည်။

ဓားစာခံများ၏ အလုပ်ရှင်မှာ ကူဝိတ်ကုမ္ပဏီဖြစ်သည်။ ထိုကုမ္ပဏီကို တောင်းဆိုချက်များ ဖြည့်စွမ်းပေးနိုင်ရန် အချိန် ၄၈ နာရီပေးထားသည်။ ပြန်ပေးသမားများ၏ တောင်းဆိုချက်တွင် ကူဝိတ်ကုမ္ပဏီသည် ဖော်လူဂျာတွင် သေဆုံးခဲ့ရသူမိသားစုများ အတွက်ပါ ကူဝိတ်ကုမ္ပဏီက လျော်ကြေးပေးရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ အမေရိကန်နှင့် ကူဝိတ်အကျဉ်းထောင်များရှိ အဖမ်းခံအီရတ်လူမျိုးများကိုလည်း လွှတ်ပေးရမည်ဖြစ်ကြောင်း တောင်းဆိုထားသည်။ ထိုအချက်များပါရှိသော ဗီဒီယိုတိပ်ခွေကို ပြန်ပေးသမားများထံမှ အယ်ဂျာဇီယာရုပ်/သံဌာနက ရရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

စစ်ဆန့်ကျင်ရေး ဆန္ဒပြ

အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များစေလွှတ်မည့် အစီအစဉ်ကို ရုပ်သိမ်းရန် ဆိုးလ်မြို့၌ ဆန္ဒပြနေသူများနှင့် အဓိကရုဏ်း နှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်တို့ ဇူလိုင် ၂၄ ရက်က ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် ဖိလစ်ပိုင်အလုပ်သမားများအား တားမြစ်ပိတ်ပင်

မနီလာ ဇူလိုင် ၂၅

အီရတ်နိုင်ငံတွင် ပြောက်ကျားများက ဓားစာခံဖမ်းဆီးမှုများ ထပ်မံပြုလုပ်နိုင်ခြင်း မရှိစေရန် အရှေ့အလယ်ပိုင်းဒေသတွင် အလုပ်လုပ်ကိုင်နေကြသော ဖိလစ်ပိုင်လူမျိုးအလုပ်သမားများအား အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမှ တားမြစ်ထားသည်။

အီရတ်နိုင်ငံအနီးရှိ နိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသော ဖိလစ်ပိုင်လူမျိုး ထရပ်ကားယာဉ်မောင်းများအနေဖြင့် အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်း မရှိစေရေးအတွက် မိမိတို့၏ သံရုံးများကို ညွှန်ကြားထားရန် သမ္မတအာရိုယိုက နိုင်ငံခြားရေးဌာနသို့ အမိန့်ထုတ်ပြန်ထားသည်။

အီရတ်နိုင်ငံ ပြန်လည်ထူထောင် ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသော ဆော်ဒီကုမ္ပဏီများနှင့် ကူဝိတ်ကုမ္ပဏီများသည် အီရတ်နိုင်ငံအတွင်းသို့ ရေနံစိမ်းနှင့် ဆောက်လုပ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးရန် နိုင်ငံခြားသား အလုပ်သမားများကို ငှားရမ်းလေ့ရှိကြသည်။

ဖိလစ်ပိုင်လူမျိုး ထရပ်ကား ယာဉ်မောင်းများသည် ဓားစာခံအဖြစ် အဖမ်းဆီးခံရရန် ဘေးအန္တရာယ်လုံခြုံမှုမရှိဆုံး အရပ်သားများဖြစ်သည်ဟု ဖိလစ်ပိုင်လူမျိုးတစ်ဦးဖြစ်သူ အိန်ဂျလို ဒီလာခရုဇ် ပြန်ပေးဆွဲခံရသည့် ဖြစ်ရပ်က ညွှန်းဆိုနေကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများ နားလည်သဘောပေါက်လာကြသည်။

အီရတ်တွင် ယခုလောလောဆယ်ကာလ၌ ဖိလစ်ပိုင်လူမျိုး ၄၀၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိကြသည်။

အီရတ်နိုင်ငံတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကန်ထရိုက် ရရှိထားသော အမေရိကန်နှင့် ဗြိတိသျှကုမ္ပဏီများသည် ၎င်းတို့ကို အလုပ်သမားများအဖြစ် ငှားရမ်းကာ အလုပ်လုပ်ကိုင်နေခြင်းဖြစ်သည်။

အင်တာနက်။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်းခဲ့မှု အမေရိကန်ကို တောင်းပန်စရာမလိုကြောင်း အာရိုယို ပြောကြား

မနီလာ ဇူလိုင် ၂၅

ဖိလစ်ပိုင်ဓားစာခံ ထရပ်ကားမောင်းသူ အင်ဂျီလိုဒီလာခရုဇ်၏ အသက်ကို ကယ်တင်ရေးအတွက် အီရတ်နိုင်ငံမှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းခဲ့မှုကို ဖိလစ်ပိုင်သမ္မတ အာရိုယိုက သောကြာနေ့တွင် အပြင်းအထန် ခုခံကာကွယ်ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကို ဇူလိုင် ၂၂ ရက်က အီရတ်အရပ်သားများ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓားစာခံအကျပ်အတည်း ပေါ်ပေါက်ခဲ့သည့် လွန်ခဲ့သည့် နှစ်ပတ်ကာလအတောအတွင်း မိမိ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုကို တောင်းပန်စရာမလိုကြောင်း နိုင်ငံခြားရေးဌာနတွင် ဖိလစ်ပိုင်သံတမန်များအား အာရိုယိုက ပြောကြားသည်။

ချီးကျူး

ဒီလာခရုဇ်၏ အသက်အန္တရာယ်ကယ်တင်ရေးနှင့် နေရပ်ပြန်လည်ခေါ်လာရေးတို့တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့်အတွက် ဖိလစ်ပိုင်သံတမန်များကို ၎င်းက ချီးကျူးစကားဆိုလိုက်သည်။

အကျိုးစီးပွား

အီရတ်နိုင်ငံမှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်ခြင်းဖြင့် ဖိလစ်ပိုင်ပြည်သူများ၏ အကျိုးစီးပွားကို ရှင်းလင်းပြတ်သားစွာ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပင်လယ်ရပ်ခြားကန်ထရိုက်အလုပ်သမား ရှစ်သန်းရှိရာ ယင်းအနက် တစ်သန်းခွဲမှာ အရှေ့အလယ်ပိုင်းဒေသတွင်ရှိပြီး အီရတ်နိုင်ငံ၌ ၄၀၀၀ ရှိသည်။ အီရတ်မှ ဖိလစ်ပိုင်အလုပ်သမား အများစုမှာ ထရပ်ကားမောင်းသူများ၊ ဆောက်လုပ်ရေး အလုပ်သမားများ၊ ဆေးဘက်ဆိုင်ရာ အမှုထမ်းများနှင့် အခြားဝန်ဆောင်မှု အလုပ်သမားများဖြစ်ကြသည်။ ဖိလစ်ပိုင်နှင့် အမေရိကန်တို့၏ အစဉ်အလာမိတ်ဖက်ဖြစ်မှုသည် ပြိုပျက်လုနီးနီး ဖြစ်ခဲ့ရသည်ဆိုသော မီဒီယာ၏ ထင်မြင်ယူဆချက်ကို အာရိုယိုက ငြင်းဆိုလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင် ၈၉ ဦးကို အမေရိကန်က ပြည်နှင် အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှုနှင့် တိုက်ဆိုင်နေ

မနီလာ ဇူလိုင် ၂၅

အမေရိကန်ပြည်ထောင်စုသည် အကြောင်းအမျိုးမျိုးကြောင့် ဖိလစ်ပိုင်နိုင်ငံမှ ပြောင်းရွှေ့လာရောက်နေထိုင်သူ ၈၉ ဦးကို ကြာသပတေးနေ့က ပြည်နှင်ခဲ့ကြောင်း ဖိလစ်ပိုင်သတင်းစာများက သောကြာနေ့တွင် ရေးသားဖော်ပြကြသည်။

ပြန်လည်ရောက်ရှိ

နှင်ထုတ်ခံရသူများသည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် အွန်တာရီယိုမြို့မှ လေယာဉ်ဖြင့် ဖိလစ်ပိုင်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ဖိလစ်ပိုင်အကောက်ခွန် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်ဟု "တူဒေး"နှင့် "မနီလာစတင်းဒတ်" သတင်းစာများက ရေးသားဖော်ပြကြသည်။

တိုက်ဆိုင်

အီရတ်နိုင်ငံမှ ဖိလစ်ပိုင် လူသားချင်း စာနာထောက်ထားရေးတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် ဖိလစ်ပိုင်သမ္မတ အာရိုယိုက အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ပြန်လည်လွှတ်ပေးလိုက်သည့် ဖိလစ်ပိုင်နိုင်ငံသား ထရပ်ကားမောင်းသူ အင်ဂျီလိုဒီလာခရုဇ်သည် မနီလာသို့ ပြန်လည်ရောက်ရှိချိန်နှင့် အမေရိကန်က ဖိလစ်ပိုင် ၈၉ ဦးကို နှင်ထုတ်မှုတို့ တိုက်ဆိုင်နေသည်။

လက်ထိတ်ခတ်

ဖိလစ်ပိုင်သို့ ပြန်လာသည့် ခရီးစဉ်အတွင်း ကိုယ်ထိလက်ရောက် စော်ကားမှု၊ ကားခိုးမှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့်ပြစ်မှုများ ကျူးလွန်မှုတို့ဖြင့် အချို့ကို လက်ထိတ်ခတ်ထားကြောင်း သတင်းစာများက ဖော်ပြသည်။

ဖယ်ရှား

ဖိလစ်ပိုင် လေကြောင်းပိုင်နက်အတွင်းသို့ ဝင်ရောက်စဉ် အမေရိကန် လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိပုဂ္ဂိုလ်များက အဆိုပါလက်ထိတ်များကို ဖယ်ရှားပစ်ခဲ့သည်။

အင်တာနက်။

အီရတ်စစ်ပွဲမတိုင်မီက အစုအပြုံလိုက် သေစေနိုင်သော လက်နက်ကိစ္စစုံစမ်းမှု သြစတြေးလျ၏ ထောက်လှမ်းရေးသတင်းများ မရေရာ မပြည့်စုံခဲ့ကြောင်းဖော်ပြ

ကင်ဘာရာ ဇူလိုင် ၂၅

အီရတ်စစ်ပွဲ မတိုင်မီက အီရတ်နိုင်ငံ၏ လူအစုအပြုံလိုက် သေစေနိုင်သော လက်နက်ခြိမ်းခြောက်မှုနှင့် စပ်လျဉ်း၍ အကဲဖြတ်ရာတွင် သြစတြေးလျ ထောက်လှမ်းရေးဌာနအနေဖြင့် ယုတ္တိမတန်သော မရေရာသည့် သတင်းအချက်အလက်များအပေါ် အားကိုးအားထားပြုကြောင်းဖြင့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာတွင် ကြာသပတေးနေ့က တွေ့ရသည်။

အီရတ်နိုင်ငံ၏ လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များနှင့် ပတ်သက်၍ ထောက်လှမ်းရေး စုံစမ်းမှု မအောင်မြင်ကြောင်း၊ စုံစမ်းထောက်လှမ်းမှုမှာ ယုတ္တိမတန်၊ မရေရာ၊ မပြည့်စုံကြောင်းဖြင့် သြစတြေးလျ ထောက်လှမ်းရေးမှူးဟောင်း ဖိလစ်ဖလပ်က အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဤအစီရင်ခံစာမှာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံရေးတွင် အလားတူပင် တွေ့ရှိချက်များကို ဖော်ပြသည့်အတိုင်း ဖြစ်သည်။

သြစတြေးလျနိုင်ငံသား ၈၈ ဦး အပါအဝင် လူပေါင်း ၂၀၂ ဦး သေဆုံးရသည့် ၂၀၀၂ ခုနှစ် ဘာလီကျွန်း ဗုံးပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ အကြမ်းဖက်သမားများ၏ ခုခံတိုက်ခိုက်ရေးအုပ်စုဖြစ်သော ဂျမားအစ္စလာမီယား(ဂျေအိုင်)၏ ရည်ရွယ်ချက်နှင့် အကြမ်းဖက်စွမ်းရည်တို့ကို သြစတြေးလျထောက်လှမ်းရေး အေဂျင်စီများ အနေဖြင့် ပိုမိုသိသင့်ကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။ အီရတ်၏ လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ အကြမ်းဖက်အုပ်စုများလက်သို့ မရောက်အောင် ကာကွယ်ရန် အရေးကြီးသည်ဆိုကာ သြစတြေးလျ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က အီရတ်တွင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့သို့ သြစတြေးလျတပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ကို စေလွှတ်ခြင်းဖြစ်သည်ဆို၏။

အမ်အင်အေ၊ရိုက်တာ။

လုံခြုံရေးစောင့်ကြပ်

ဖော်လူဂျာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆူဒန်အစိုးရကို ဖိအားပေးရန် ရည်ရွယ်သော ဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် သဘောတူညီမှု မရ

ကုလသမဂ္ဂ ဇူလိုင် ၂၅

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် အရပ်သားများအား ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံမှုများ ရပ်ဆိုင်းသွားသည်အထိ ဆူဒန်အစိုးရအပေါ် ဖိအားပေးမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်သော ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ရုရှား၊ တရုတ်၊ ပါကစ္စတန်နှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့က သောကြာနေ့တွင် ဆန့်ကျင်ကန့်ကွက်ကြကြောင်း သံတမန်များက ပြောကြားကြသည်။

အမေရိကန်က မူကြမ်းရေးဆွဲသော ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးရာတွင် ဆူဒန်အရပ်သားများအား မတရားပြုမူဆက်ဆံသည်ဟု စွပ်စွဲခံထားရသော အာရပ် ပြည်သူ့စစ်ခေါင်းဆောင်များကို ဖမ်းဆီးကာ တရားစွဲဆိုခြင်းမရှိပါက ရက် ၃၀ အတွင်း ဒဏ်ခတ်အရေးယူမှုများပြုလုပ်ရန် တောင်းဆိုသည့် အချက်နှင့် ပတ်သက်၍ သဘောတူညီမှု မရရှိကြောင်း သံတမန်များက ပြောကြားသည်။

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် ၁၅ လကြာ ဖြစ်ပွားခဲ့သော ပဋိပက္ခအတွင်း လူ ၃၀၀၀၀ ထက်မနည်း သေဆုံးခဲ့ရပြီး အကျဉ်းစခန်းများပုံစံ တည်ဆောက်ထားသော ခြံဝင်းများအတွင်းသို့ ကျေးရွာသားများကို မောင်းသွင်းခဲ့ကြောင်း၊ လူနှစ်သန်းသည် စားနပ်ရိက္ခာနှင့် ဆေးဝါးများကို အလုံအလောက် မရရှိဘဲ နေထိုင်ကြရကြောင်း သတင်းများတွင် ဖော်ပြသည်။

ရုရှား၊ တရုတ်၊ ပါကစ္စတန်နှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့မှ သံတမန်များသည် ဆုံးဖြတ်ချက်မူကြမ်းတွင် ပါရှိသည့် "ဒဏ်ခတ်အရေးယူရေး"ဟူသော အသုံးအနှုန်း၏ နေရာတွင် "အရေးယူရေး"ဟူသော အသုံးအနှုန်းကို အစားထိုးရန် တောင်းဆိုခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်သို့ ရုရှားတပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ် နှစ်နိုင်ငံကုန်သွယ်ခြင်းဖြင့်သာ အီရတ်ကိုထောက်ပံ့ကူညီမည်

မော်စကို ဇူလိုင် ၂၅

ရုရှားနိုင်ငံအနေဖြင့် အီရတ်မှ အမေရိကန်ဦးဆောင်သည့်တပ်များသို့ ရုရှားတပ်ဖွဲ့ဝင်များ စေလွှတ်ပံ့ပိုးရန် ရည်ရွယ်ချက်မရှိကြောင်း၊ သို့သော် အီရတ်နိုင်ငံနှင့် ကုန်သွယ်ရေးတိုးမြှင့်ခြင်း၊ အီရတ်နိုင်ငံ တင်ရှိနေသည့် ကြွေးမြီများလျှော့ပေါ့ခြင်းဖြင့် ကူညီရန်အသင့်ရှိကြောင်းဖြင့် စနေနေ့က ကြေညာသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လက်ရော့ဗ်က မော်စကိုသို့ရောက်ရှိနေသည့် အီရတ် နိုင်ငံခြားရေးဝန်ကြီး ဇေဘာရီနှင့် တွေ့ဆုံအပြီးတွင် နှစ်နိုင်ငံ တည်ရှိပြီးဖြစ်သော ဆက်ဆံရေးကို အခိုင်အမာ ထူထောင်ရန် အာမခံ ပြောကြားလိုက်သည်။

လာရောက်

အီရတ်ကြားဖြတ်အစိုးရက အာဏာလွှဲပြောင်းရယူပြီးနောက် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇေဘာရီ မော်စကိုသို့ လာရောက်ခြင်းမှာ အီရတ်ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏ ပထမဆုံး ရုရှားခရီးဖြစ်သည်။

ပြင်ဆင်

ရုရှားနိုင်ငံအနေဖြင့် အီရတ်သို့ ရုရှားတပ်ဖွဲ့ဝင်များစေလွှတ်ရန် အစီအစဉ်မရှိကြောင်း၊ မိမိတို့တွေ့ဆုံဆွေးနွေးစဉ်ကလည်း ယင်းကိစ္စ ထည့်သွင်းမဆွေးနွေးကြောင်း၊ ရုရှားနိုင်ငံက အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အခြားနည်းဖြင့် ထောက်ခံမည်၊ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်ခြင်းဖြင့် ထောက်ခံအားပေးရန် ပြင်ဆင်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောဆိုသည်။

ဤသို့ ထောက်ပံ့ကူညီခြင်းမှာ အီရတ်ရှိ နိုင်ငံစုံတပ်ဖွဲ့ဝင်များ စေလွှတ်ပံ့ပိုးခြင်းထက် မနိမ့်ကြောင်းဖြင့်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ပြောကြားလိုက်သည်။

စိတ်အားထက်သန်

ကုလသမဂ္ဂ၏ အတည်ပြုချက်မရဘဲ အမေရိကန်ဦးဆောင်သည့် တပ်များက အီရတ်နိုင်ငံအား ကျူးကျော်ခြင်းကို ရုရှားနိုင်ငံက ဆန့်ကျင်ခဲ့သည်။ ရုရှားနိုင်ငံသည် အီရတ် ရေနံလုပ်ငန်းတွင် ရှေးအခါကပင် ပါဝင်ဆက်နွှယ်ခဲ့ပြီး ယခုအခါ အီရတ်နှင့် ကန်ထရိုက်လုပ်ငန်းများကိုဆက်လုပ်ရန် စိတ်အားထက်သန်နေသည်။

အလုပ်သမားများအား ပြန်ပေးဆွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်ခံရမှုများတွင် သေဆုံးမှုများ ကြုံတွေ့ပြီးနောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးတွင် ကြိုးပမ်းဆောင်ရွက်နေသည့် အင်ဂျင်နီယာများ အပါအဝင် ရုရှားကျွမ်းကျင်သူများသည် အီရတ်မှ ယခုနှစ်အတွင်း ထွက်ခွာသွားခဲ့ကြသည်။

တိုးတက်ကောင်းမွန်

အဆိုပါ ရုရှားကျွမ်းကျင်သူများသည် အီရတ်မှ လုံခြုံရေးအခြေအနေ တိုးတက် ကောင်းမွန်လာသည်နှင့် တစ်ပြိုင်နက် အီရတ်သို့ ပြန်ရောက်လာကြမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ပြောကြားသည်။

တိုက်တွန်း

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်အစိုးရ အာဏာပိုင်များအား ဖယ်ရှားပြီးနောက် အာဖဂန်နစ္စတန်ဆိုင်ရာ နိုင်ငံတကာညီလာခံတစ်ရပ် ခေါ်ယူသကဲ့သို့ ယခုလည်း အီရတ်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံတစ်ရပ်ခေါ်ယူရန် ရုရှားနိုင်ငံက အဆိုပြုတိုက်တွန်းထားသည်။ ရုရှားနိုင်ငံ၏ ယင်းအဆိုပြုချက်ကို အီရတ်အစိုးရက စဉ်းစားမည်ဖြစ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇေဘာရီက ပြောကြားလိုက်သည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

စစ်ဆန့်ကျင်ရေး ဆန္ဒပြ

ဇူလိုင် ၁၄ ရက်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဝန်ကြီးချုပ် တိုနီဘလဲပုံတူ မျက်နှာဖုံးကိုစွပ်၍ အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်လုံခြုံရေးအခြေအနေ ကုလသံတမန် စိုးရိမ်ပူပန်

ဝါရှင်တန် ဇူလိုင် ၂၅

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေကို စိုးရိမ်ပူပန်မိကြောင်း အီရတ်ဆိုင်ရာ ကုလသသမဂ္ဂ သံတမန်အသစ် အက်ရှ်ရက်ဖ်ဂျီဟန်ဂီယာကာဇီက ပြောကြားလိုက်သည်။ အီရတ်နိုင်ငံတွင် လက်နက်ကိုင်အုပ်စုတစ်စုက အီဂျစ်သံတမန်တစ်ဦးအား ပြန်ပေးဆွဲခဲ့ပြီးနောက် ၎င်းက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၌ အဓိကစိုးရိမ်ပူပန်မှုမှာ လုံခြုံရေးအခြေအနေပင် ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကာဇီက သတင်းထောက်များအား ပြောကြားသည်။

ဘဂ္ဂဒက်မြို့ရှိ အီဂျစ်သံရုံးမှ တတိယမြောက် အဆင့်အမြင့်ဆုံး တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သည့် ဟီလ်မီကွတ်ကို အီရတ် လက်နက်ကိုင်အုပ်စုတစ်စုက ပြန်ပေးဆွဲထားရာ ယင်းမှာ ယခုနှစ်စောစောပိုင်းက ပြန်ပေးဆွဲမှုများဖြစ်ပွားခဲ့ချိန်နောက်ပိုင်း အီရတ်နိုင်ငံ၌ သံတမန်တစ်ဦးအား ပထမဆုံး အကြိမ် ဖမ်းဆီးခြင်းဖြစ်သည်။

နိုင်ငံရေး အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ် ခိုင်မာတောင့်တင်းမှသာ အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက် ကောင်းမွန်နိုင်မည် ဖြစ်ကြောင်း အမေရိကန်ဆိုင်ရာပါကစ္စတန်သံအမတ်ကြီးရာထူးမှ နုတ်ထွက်တော့မည့် ကာဇီက ပြောကြားသည်။

အီရတ်ရှိ ကုလသမဂ္ဂ အမှုထမ်းများကို ကာကွယ်စောင့်ရှောက်ရေးအတွက် အဘက်ဘက်မှ အားထုတ်ကြိုးပမ်းရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကာဇီသည် အီရတ်ဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်အဖြစ် ဆာဂျီယိုဒီမဲလိုနေရာတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဒီမဲလိုသည် လွန်ခဲ့သည့်နှစ်က ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးချုပ်တွင် ဗုံးပေါက်ကွဲရာ၌ သေဆုံးသူ ၂၂ ဦးထဲတွင် ပါဝင်ခဲ့သည်။ ထိုအချိန်ကတည်းက ဒီမဲလို၏ ရာထူးနေရာမှာ လစ်ဟနေခဲ့သည်။

အဆိုပါတိုက်ခိုက်မှုနှင့် မတည်မငြိမ် ဆက်လက်ဖြစ်ပွားမှုတို့ကြောင့် ကုလသမဂ္ဂသည် အီရတ်ရှိ ကုလသမဂ္ဂ ဝန်ထမ်းဦးရေကို အကြီးအကျယ် လျှော့ချပစ်ခဲ့သည်။ ***အင်တာနက်။***

အီတလီနှင့် ဩစတြေးလျတပ်ဖွဲ့ဝင်များ အီရတ်မှရုပ်သိမ်းရန် ခုခံတိုက်ခိုက်ရေးသမားများတောင်းဆို

ဘဂ္ဂဒက် ဇူလိုင် ၂၅

အီတလီနှင့် ဩစတြေးလျနိုင်ငံများက အီရတ်ရှိ ၎င်းတို့၏တပ်ဖွဲ့ဝင်များကို မရုပ်သိမ်းလျှင် တိုက်ခိုက်ခံရမည်ဖြစ်ကြောင်း ခုခံတိုက်ခိုက်ရေးသမားများက တောင်းဆိုလိုက်သည်။

"ဩစတြေးလျပြည်သူများခင်ဗျား-ခင်ဗျားတို့ အစိုးရက အီရတ်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမပေးဘူးဆိုလျှင် ခင်ဗျားတို့မြေ အောက်က မြေကြီးကို တုန်ခါသွားအောင် ကျွန်ုပ်တို့ လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အသေခံဗုံးခွဲသည့် ကားများကိုလည်း အဆက်မပြတ် အသုံးချသွားမည်ဖြစ်ကြောင်း" ဥရောပ၌ တစ်ခါမျှ မကြားဖူးသေးသည့် အစ္စလမ္မစ်တောဟစ်အုပ်စုက ခြိမ်းခြောက် ကြေညာလိုက်သည်။

အလားတူပင်ယင်းအဖွဲ့က "အီတလီပြည်သူများခင်ဗျား ကျွန်ုပ်တို့ကမ်းလှမ်းချက်ကို လက်ခံရန်အကြံပြုပါသည်။ အကယ်၍ ငြင်းဆိုပါက ခင်ဗျားတို့၏ မြို့ကြီးများကို သွက်သွက်ခါသွားစေမည့် အသေခံကားဗုံး ဖောက်ခွဲသံများကို ကြားကြပါလိမ့်မည်" ဟူ၍ ကွန်ပျူတာ အင်တာနက်ပေါ်တွင် ခြိမ်းခြောက် ဖော်ပြထားသည်။

တိုးမြှင့်လုပ်ဆောင်

အီတလီနှင့် ဩစတြေးလျနိုင်ငံတို့သည် အီရတ်ရှိ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်များ အဓိကစေလွှတ်ပါဝင်နေသည့် နိုင်ငံများဖြစ်သည်။ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့နှင့် ဝန်ကြီးချုပ် အာလာဝီဦးဆောင်သည့် အီရတ်ကြားဖြတ်အစိုးရကိုဖြိုဖျက်ရန် ယခုအခါ ခုခံတိုက်ခိုက်ရေးသမားများက ဓားစာခံဖမ်းဆီးခြင်းများနှင့် တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

ရုပ်သိမ်း

ဖိလစ်ပိုင် ဓားစာခံတစ်ဦး၏ အသက်ကိုကယ်ရန် ဖိလစ်ပိုင်နိုင်ငံက အီရတ်ရှိ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို ယခုလအတွင်း ပြန်ခေါ်လိုက်သည်။ တစ်ချိန်က ၃၄ နိုင်ငံပါဝင်သည့် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့တွင် ပါဝင်သည့် စပိန်၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ နီကာရာဂွာနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့က ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို အီရတ်မှ ပြန်လည်ရုပ်သိမ်းခဲ့သည်။

ခုခံတိုက်ခိုက်ရေးသမား သမားများသည် အီရတ်ပြည်သူများအား ကူညီရန် စိတ်ပိုင်းဖြတ်ထားသူများကို တိုက်ခိုက်ရန် လိုလားကြောင်း ပြသနေသည်ဟု အမေရိကန်သမ္မတအိမ်ဖြူ ပြောရေးဆိုခွင့်ရှိသူ ကလဲယာဘူချန်က ပြောကြားသည်။

သောကြာနေ့က ပြန်ပေးဆွဲခံရသော အီဂျစ်ထိပ်တန်း သံတမန်တစ်ဦးဖြစ်သူ မိုဟာမက်မမ်ဒူကွတ် လွတ်မြောက်ရေးအတွက် အီရတ်နှင့် အီဂျစ်နိုင်ငံတို့ စနေနေ့က ကြိုးပမ်းလျက်ရှိသည်။ ယင်းမှာ အီရတ်၌ သံတမန်တစ်ဦးကို ပထမဆုံး ပြန်ပေးဆွဲခြင်းဖြစ်သည်။ ***အင်တာနက်။***

ကင်းလှည့်

ဇူလိုင် ၂၂ ရက်က ဘဂ္ဂဒက်မြို့လယ် ဟိုင်ဖာလမ်းမပေါ်တွင် ကင်းလှည့်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ တိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၅

မရိန်းတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသည် အီရတ်နိုင်ငံအနောက်ပိုင်းဒေသတွင် လွန်ခဲ့သည့်နှစ်ရက်က တိုက်ခိုက်မှုခံရသောကြောင့် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံး

မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် အင်္ဂါနေ့က သေဆုံးခဲ့ပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦးသည် ယင်းနေ့တွင်ပင် တိုက်ခိုက်မှုခံခဲ့ရာမှ ရရှိခဲ့သည့်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း၊ အခြားတပ်ဖွဲ့ဝင်တစ်ဦးသည် တနင်္လာနေ့က တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ပိုင်း အယ်-အန်ဘာပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများနှင့်ပတ်သက်၍ နောက်ထပ် အသေးစိတ်သတင်းများ ပြောကြားခြင်းမရှိပေ။ အယ်-အန်ဘာပြည်နယ်သည် ဆွန်နီတြိဂံဒေသ၏ အစိတ်အပိုင်းဒေသဖြစ်ပြီး အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်နိုင်ငံစုံတပ်ဖွဲ့ဝင်များအား တွန်းလှန်တိုက်ခိုက်နေသော တည်ငြိမ်မှုမရှိသည့် နယ်မြေတစ်ခုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရွှေဘဝင် အေးသွားမယ့် ရွှေရင်အေးစပါး (၁)

ရတနာစည်ဆရာတော် (လွိုင်လင်)

(က)

"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ" ဟူသော ပါဠိသည် ပိဋကတ်တော်လာ အဆိုအမိန့်ဖြစ်၏။ "သဗ္ဗေသတ္တာ၊ သတ္တဝါအားလုံးတို့သည် အာဟာရဋ္ဌိတိကာ၊ အစာအာဟာရလျှင် တည်ရာရှိ၏"ဟု သဒ္ဒါအနက် ပြန်ဆိုကြ၏။ အဓိပ္ပာယ်မှာ အစာအာဟာရ၌ သတ္တဝါတို့တည်မှီနေကြရကား။ အစာအာဟာရသည် သတ္တဝါတို့အတွက် မရှိမဖြစ် အရေးအကြီးဆုံးဟူ၏။

မှန်ပါသည်။ ဤသတ္တလောက၌ အစာအာဟာရများ ကွယ်ပျောက်သွားလျှင် သတ္တဝါဟူသော သက်ရှိတို့သည်လည်း အသက်ရှင်ခြင်းဌာ မတတ်သာတော့ဘဲ ဉသုံ ကွယ်ပျောက်သွားတော့မည်သာ ဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓကိုယ်တော်တိုင်က ထိုပါဠိ အဆိုအမိန့်ကို အကြိမ်ကြိမ်အကျော့ကျော့ မိန့်ကြားတော်မူထားခြင်းဖြစ်၏။ ဤအရှင်တို့ လေ့လာမှတ်သားမိသမျှ အင်္ဂုတ္တရပါဠိတော် ဒသကနိပါတ် ပထမ မဟာပဉှာသုတ်၌လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော် ဉာဏကထာ၌လည်းကောင်း၊ ခုဒ္ဒကပါဌ ပါဠိတော် ကုမရပဉှာ၌လည်းကောင်း၊ ပါထိက ဝဂ္ဂပါဠိတော် သင်္ဂီတိသုတ်၌လည်းကောင်း ထိုအဆိုအမိန့်ကို တွေ့ရှိကြရပါကုန်၏။

ထိုအဆိုအမိန့်ကို လောကီကုသိုလ်အမြင်ဖြင့် ရှုမြင်ကြည့်သောအခါ သက်ရှိသတ္တဝါတို့ အစာအာဟာရ ပေါကြွယ်ဖို့အတွက် အပြစ်ကင်းစွာ စိုက်ပျိုးခြင်း၊ တိုးတက်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့သည် သတ္တလောကကြီးအား ကောင်းကျိုးပြုသော အနဝဇ္ဇကမ္မမင်္ဂလာ မြတ်စွာဗုဒ္ဓ အလိုတော်ကျသည့် ကိစ္စအမွန်အမြတ်များဖြစ်ကြောင်း ထင်းထင်းထင် သုံးသပ်နိုင်ပါကုန်၏။

(ခ)

ဤအရှင်တို့ ပဝတ္တိ သီတင်းသုံးရာ ရှမ်းပြည်နယ်သည် လွတ်လပ်ရေးရပြီး ချိန်မှစ၍ ဆန်စပါးမဖူလုံခဲ့သဖြင့် ညီနောင် တိုင်းဒေသကြီးများကို အားကိုးခဲ့ရသည်မှာ အမှန်ဖြစ်ပါ၏။ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ညောင်ရွှေမြို့နယ်၊ လဲချားမြို့နယ်၊ မိုင်းကိုင်မြို့နယ်တို့ကဲ့သို့ ရေမြေကောင်းသော ဒေသများဝယ် ဆန်စပါးများ ဖြစ်ထွန်းခဲ့သော်လည်း တောင်ပိုင်းတစ်ပိုင်းလုံးအတွက်မူ မဖူလုံခဲ့ပါ။ ထို့အတူ မြောက်ပိုင်း၌လည်း သီပေါမြို့နယ်၊ သိန်းနီမြို့နယ်၊ နမ့်ခမ်းမြို့နယ်တို့ကဲ့သို့ ရေမြေပေးသော ဒေသများဝယ် ဆန်စပါးများ ဖြစ်ထွန်းခဲ့သော်လည်း မြောက်ပိုင်း တစ်ပိုင်းလုံးအတွက်မူ မဖူလုံခဲ့ပါ။ အရှေ့ပိုင်း၌လည်း ထိုနည်းငှင်းသာ ဖြစ်ခဲ့၏။

လူဦးရေက တိုးတက်လာခြင်း၊ စိုက်ဧကက မတိုးတက်ဘဲ တန့်နေခြင်း၊ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို စူးစမ်းလေ့လာ တီထွင်ထုတ်လုပ်နိုင်မှုမရှိခြင်း၊ စိုက်ဧကသစ်များ မထုတ်ဖော်နိုင်ခြင်း စသော အကြောင်းများအပြင် အဓိကအကြောင်းရင်းကြီးတစ်ရပ်အဖြစ် ဒေသအတွင်း မတည်ငြိမ်မှုများ ရှိနေခဲ့ခြင်းတို့ကြောင့် ရှမ်းပြည်နယ်သည် ဝမ်းစာဖူလုံရေးအတွက် ညီနောင်တိုင်းဒေသကြီးများကို အားကိုးခဲ့ရပါသည်။

သို့ဖြင့် **၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ ပေါ်ထွန်းလာပြီး သည်မှာဘက်ကာလများတွင်သော် နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် စွမ်းစွမ်းတမံကြိုးပမ်းလာနိုင်ခြင်း၊ ပြည်သူများ စားဝတ်နေရေးချောင်လည်စေရန် အစွမ်းကုန်ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် ၁၉၉၀–၁၉၉၁ ခုနှစ်တွင်မူ ယခင် စိုက်ဧက ၂၃ ဒသမ ၈၇ သန်းမှ စိုက်ဧက ၂၅ ဒသမ ၀၂ သန်းအထိ တိုးတက်စိုက်ပျိုးလာနိုင်သလို ဆက်၍ဆက်၍ တိုး၍တိုး၍ စိုက်ပျိုးလာနိုင်ကြပါကုန်တော့၏။**

(ဂ)

စပါးစိုက်ပျိုးထုတ်လုပ်ရာ၌ တစ်ဧက တင်းတစ်ရာထွက်ရှိရေး ရည်မှန်းချက်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့် အထွက်တိုးလာအောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပုဂံဒေသခရီးစဉ်လမ်းညွှန်ချက်
၂၈–၁၀–၁၉၉၅

(ဃ)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူကာ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသခံတိုင်းရင်းသားများအားလုံး ဆန်ရေစပါး ပေါများလျှံပယ် ကြွယ်ကြွယ်ဝဝ စားသုံးနိုင်ကြစေရန်အတွက်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်များပီပီ စားဦးစားဖျား ဘုရားလှူ၊ သံဃာလှူ ကြည်ဖြူသဒ္ဓါထက်သန်စွာဖြင့် အာဟာရအလှူ နေ့စဉ်လှူရင်း ကုသိုလ်ယူနိုင်ကြစေရန်အတွက်လည်းကောင်း၊ စိတ်စိုက်စူးနစ် မဖြစ်မနေ ရှာဖွေစူးစမ်း ကြိုးပမ်းအားထည့်လျက်ရှိသည်နှင့်အညီ ဗီဇကောင်း၊ အထွက်ကောင်း၊ အရည်အသွေးကောင်း မျိုးစပါးသစ်တစ်မျိုးကို လက်ဝယ်ရရှိလာခဲ့၏။ ဆောင်ကြဉ်းလာသူမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်ဖြစ်၏။ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်–နမ့်ခမ်းဒေသ၌ တွေ့ရှိရသော အထွက်ကောင်းမျိုးဖြစ်ပေရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရာသီဉတုနှင့် လိုက်လျောညီထွေ ရှိနိုင်သောကြောင့် စမ်းသပ်စိုက်ပျိုးကာ ဆက်လက်မျိုးပွားစိုက်နိုင်ရန် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ တင်ပြပေးအပ်သော SR ၄၅၆ သက်လတ်မျိုးစပါးဖြစ်ပါသည်။

ယင်း SR ၄၅၆ အထွက်ကောင်း သက်လတ်စပါးမျိုးသစ်ကို ၂၀၀၃ ခုနှစ် မိုးရာသီတွင် တောင်ကြီးမြို့နယ် ဟဲဟိုးမျိုးပွားခြံနှင့် တာယောသုတေသနခြံတို့၌ စမ်းသပ်စိုက်ပျိုးပြီး ၁၃–၁၁–၂၀၀၃ရက်နေ့မှာ ရိတ်သိမ်းခြွေလှေ့ ခြင်တွယ်ပွဲ ပြုလုပ်ခဲ့ရာ ဟဲဟိုးမျိုးပွားခြံ၌ တစ်ဧက တင်း ၁၄၀ နှင့် တာယောသုတေသနခြံ၌ တစ်ဧကတင်း ၁၅၆ တင်း ထွက်ရှိကြောင်း တွေ့ရှိရ၏။ ဤသည် စမ်းသပ်စိုက်ပျိုးမှုအဆင့်မျှသာရှိသေးရာ ပိုမိုတိုးတက်နိုင်သော အခြေအနေရှိသောကြောင့် ယင်းမျိုးစပါးသစ်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) တစ်ခွင်လုံး စိုက်ပျိုးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန် ဆုံးဖြတ်ပြီးနောက် ယင်းမျိုးစပါးသစ်၏ အမည်ကို ရုပ်ဓာတ်နှင့် ဗျူပွတ်ကိုက်ညီအောင် **ရွှေရင်အေးစပါး**ဟု နာမကရဏ ပြုပေးလေ၏။

ထို့နောက် တိုင်းမှူးနှင့် လယ်ယာ/ဆည်မြောင်း ဒုတိယဝန်ကြီးတို့၏ စီစဉ်မှုဖြင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းကိုယ်တိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်–နမ့်ခမ်းဒေသသို့သွားရောက်၍ မျိုးစပါးအဖြစ် ခေါင်ညွှန့်အသီးမျိုး တစ်ကီလို ကျပ်ငွေ ၄၀၀ နှုန်းဖြင့် ကီလို ၆၄၂၀ ကို ဝယ်ယူခဲ့ပြီး ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုသို့ နွေစပါးဧက ၅၀ စိုက်ပျိုးနိုင်ရန် တစ်ဧကလျှင် မျိုးတစ်တင်းခွဲနှုန်းဖြင့်ဖြူးပေးခဲ့သလို ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စုသို့ ဧက ၅၀၊ ပတ္တမြားနဂါး စိုက်ပျိုးရေးစခန်းသို့ ၁၄ဧက၊ သာစည်မြို့နယ်သို့ ဧက ၁၀၀အသီးသီးစိုက်ပျိုးနိုင်ဖို့ မျိုးစေ့များဖြန့်ဝေခဲ့ပါသည်။ ထို့ပြင် တောင်သူများ အလွယ်တကူ စိုက်ပျိုးနိုင်ရန် တစ်ဧကလျှင် ဓာတ်မြေဩဇာ တန်ဖိုးငွေကျပ် ၃၁၈၀၀ နှုန်း ထောက်ပံ့ကာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၏ အကူအညီဖြင့် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလလယ်တွင် စတင်စိုက်ပျိုးခဲ့ရာ ဇွန်လဆန်းပိုင်းမှာ ရှုလိုက်တိုင်း မှည့်ဝင်းနေသော စပါးခင်းကြီးများအဖြစ် ထင်းထင်းထင်ထင် တွေ့မြင်လာရပါတော့၏။ ယင်းစပါးခင်းကြီးများက ရိတ်သိမ်းခြွေလှေ့၊ လက်တွေ့ခြင်တွယ်၊ ဘယ်မျှထွက်ရှိ မျက်စိသက်သေတင်ကြရန် ဖိတ်ခေါ် ဘိသို့ ရှိတော့၏။

ထို့ကြောင့် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ဧက ၅၀ စိုက်ကွင်း၌ ရိတ်သိမ်းပွဲကျင်းပရန် တိုင်းမှူးက ၂၀၀၄ ခုနှစ် ဇွန်လ ၂၅ ရက်ကို သတ်မှတ်ပေးလေ၏။

(င)

ဤရက်ပိုင်းများ၌ ဤအရှင်တို့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ပင့်ဆောင်မှုဖြင့် ဖယ်ခုံမြို့နယ်၌ ထွန်းကားပြန့်ပွားလျက်ရှိသော သာသနာရေးရာများ လေ့လာသိရှိနိုင်ရန်နှင့် ဒေသ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မုဒိတာပွားရန်အတွက် လွိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ ရှမ်းပြည်နယ် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြည်တို့ လိုက်ပါကာ ဖယ်ခုံမြို့ သဒ္ဓမ္မသိဒ္ဓိ စာသင်တိုက်သို့ ရောက်ရှိနေပါကုန်၏။ ထိုစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တလက္ခဏတို့နှင့်အတူ ဖယ်ခုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်ငွေ၊ ဖယ်ခုံမြို့နယ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလင်းတို့၏ အကူအညီဖြင့် သာသနာတော် ထွန်းကားပြန့်ပွားလျက်ရှိပုံတို့ကို လေ့လာသိရှိနေရပါသည်။

SR ၄၅၆ သက်လတ်မျိုးစပါး ဖြစ်သော ရွှေရင်အေးစပါး၏ အမှန်တကယ် အထွက်ကောင်းပုံတို့ကို ဒေသခံများ လက်တွေ့ မျက်တွေ့ ဖြစ်ခဲ့ကြပြီ။ စားကောင်း၍ အာဟာရဓာတ် ပြည့်ဝကြောင်းလည်း လျှာတွေ့ အာတွေ့ ဖြစ်ခဲ့ကြပြီ။

အမှန်တော့ ဤဒေသသည်လည်း အခြားသော ဒေသများနည်းတူ တိုင်းရင်းသားလူမျိုးစုံတို့ မိမိတို့ယုံကြည်ရာ ဘာသာမျိုးစုံကို ကိုးကွယ်ဆည်းကပ်ခွင့် အပြည့်အဝရရှိနေကြောင်း တွေ့ရှိရ၏။ နတ်ယုံကြည်ကိုးကွယ်သူ၊ ရိုးရာယုံကြည်ကိုးကွယ်သူ၊ ဗုဒ္ဓယုံကြည်ကိုးကွယ်သူနှင့် အခြားယုံကြည်ကိုးကွယ်သူဟူ၍ ဘာသာရေး လွတ်လပ်စွာ ကိုးကွယ်ခွင့် အပြည့်အဝ ရရှိနေကြောင်း လေ့လာသိရှိရ၏။ ဗုဒ္ဓဘာသာဝင် အရေအတွက်မှ ပိုမိုများပြားလျက်ရှိ၏။ သာထွန်းပြန့်၊ သာသနာပြုရဟန်းတော် နှစ်ကျိပ်ကျော်တို့နှင့် သာသနာပြု လူပုဂ္ဂိုလ် သုံးကျိပ်တို့၏ ကြိုးပမ်းမှုကြောင့် သာသနာတော် ထွန်းလင်းလာလျက်ရှိ၏။

မြို့နယ်အတွင်း ကယန်းတိုင်းရင်းသား ၆၈ ရာခိုင်နှုန်း၊ ကယားတိုင်းရင်းသား ၃ ဒသမ ၅၆ ရာခိုင်နှုန်း၊ ရှမ်းတိုင်းရင်းသား ၁၁ ဒသမ ၃၄ ရာခိုင်နှုန်း၊ ဗမာတိုင်းရင်းသား ၁၀ ဒသမ ၃၈ ရာခိုင်နှုန်း၊ ပအိုဝ်းတိုင်းရင်းသား ၃ ဒသမ ၀၉ ရာခိုင်နှုန်း၊ လီဆူးတိုင်းရင်းသား သုည ဒသမ ၈၀ ရာခိုင်နှုန်း၊ အင်းသားတိုင်းရင်းသား ၂ ဒသမ ၇၈ ရာခိုင်နှုန်းတို့ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြပြီး ဘာသာတရားအားဖြင့် ဗုဒ္ဓဘာသာဝင် များပြားလေ၏။

ဤအရှင်တို့ တည်းခိုလျက်ရှိသည့် ဤသဒ္ဓမ္မသိဒ္ဓိ စာသင်တိုက်သည်ပင် ၁၉၈၈ ခုနှစ်မတိုင်မီက အိမ်တစ်လုံးနှင့် ခြံကျယ်ကြီးတစ်ခုသာဖြစ်ခဲ့ပြီး အိမ်ရှင်ကိုယ်တိုင် ဗုဒ္ဓသာသနာတော်ကို စူးစူးနစ်နစ်သက်ဝင် ယုံကြည်လာသည့် ၁၉၈၉ ခုနှစ် သည်ဘက်ပိုင်းရောက်လာမှသာ အိမ်ရှင် ကယန်းတိုင်းရင်းသား ဦးမောင်ကီးကိုယ်တိုင် ရဟန်းဘဝ တက်လှမ်းလာခြင်း၊ မိမိနှင့်အတူ ရဟန်းဘဝ တက်လှမ်းလာသူ ကယန်းတိုင်းရင်းသား ဦးလှစိန်နှင့် စိတ်တူကိုယ်တူ သာသနာအကျိုး ရွက်ဆောင်ကြရန် တိုင်ပင်ပြီး ဤနေရာကို သာသနာမြေအဖြစ် လှူဒါန်းခဲ့ခြင်း၊ တောင်ကြီးမြို့ အေးစေတီစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော် ဝိနည်းဓိုရ် ဘဒ္ဒန္တ လက္ခဏာသာမိဘိဝံသနှင့် ဖယ်ခုံမြို့နယ် သံဃနာယကအဖွဲ့ထံမှ ဩဝါဒခံယူကာ စာသင်တိုက်တစ်တိုက် ဖြစ်ထွန်းလာအောင် ကြိုးပမ်းခြင်း၊ မိမိတို့က အသက်ကြီးမှ သင်္ကန်းဆီးခဲ့သောကြောင့် ပရိယတ္တိ၌ မကျွမ်းကျင်သဖြင့် ပရိယတ္တိတတ်ကျွမ်းကာ သာသနာပြုနိုင်မည့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကိုပင့်ဆောင်ကာ စာသင်တိုက်ဖွင့်လှစ်ခြင်း၊ ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသာဘိဝံသ ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ သာသနာသုံးရပ် အောင်မြင်ပြီးမြောက်ခြင်းအဓိပ္ပာယ်ဖြင့် ကျောင်းတိုက်၏ အမည်နာမကို သဒ္ဓမ္မသိဒ္ဓိစာသင်တိုက်ဟု ကမ္ပည်းတင်ခြင်း၊ ထိုအမည်နှင့်လျော်ညီစွာ ပညတ်သွားရာ ဓာတ်သက်ပါပြီး သာသနာရေးရာများ အောင်မြင်ကာ ပရိယတ္တိစာမေးပွဲများ၌ အောင်ပန်းဆင်နိုင်လျက်ရဟန်း သာမဏေ ၈၆ ပါးအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ကြခြင်းတို့ကြောင့် သာသနာ အလင်းသည် ဖယ်ခုံမြို့နယ်အတွင်း ဝင်းဝင်းဝင့် တောက်ပလျက်ရှိလေ၏။

ယင်းသို့သော သာသနာရေးရာ မုဒိတာနှင့်အတူ ၂၄–၆–၂၀၀၄ ရက်နေ့ ညနေပိုင်း၌ ဖယ်ခုံမြို့ မြို့နယ်ခန်းမဝယ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် လယ်ယာ/ဆည်မြောင်း ဒုတိယဝန်ကြီးတို့က ဘိန်းမစိုက်တောင်သူများအား ထောက်ပံ့ငွေကြေးများနှင့် ဆန်၊ ဆား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြကြောင်း မုဒိတာသတင်းရနံ့ကိုလည်း သင်းပျံ့ပျံ့ ရှိက်ရှူကြရပါသည်။

ယင်းဘိန်းကိစ္စသည် ဘုရားမကြိုက်၊ အများမကြိုက်၊ သူတော်ကောင်းများ လားလားမျှမနှစ်ခြိုက်သည့် ဒုစရိုက် ဒုရာဇီဝဖြစ်ခြင်းကြောင့် ဤအရှင်တို့ကလည်း "မဇ္ဇမူးယစ်နှိမ်နင်းပစ် လူသစ်စိတ်သစ် မြေယာသစ်" ဆောင်းပါးဖြင့် ၂၂–၇–၂၀၀၂ရက်နေ့နှင့် ၂၃–၇–၂၀၀၂ရက်နေ့ ထုတ် မြန်မာ့သတင်းစာများ၌ ဘိန်းပပျောက်ရေးအားပေးရေးသားခဲ့သည်ကိုသတင်းစာချစ်သူတို့မှတ်မိနိုင်ကြပါဦးမည်။

ယခုလည်း **ဤဒေသတစ်ခွင်၌ ဘိန်းပပျောက်စေရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်တို့က ကျားကုတ်ကျားခဲ ထန်သည်းစွာ ကြိုးပမ်းနေကြပုံ၊ ဘိန်းစိုက်ပျိုးခဲ့သော တောင်သူများကို ဘိန်းမစိုက်စေတော့ဘဲ အစားထိုးသီးနှံများဖြစ်သည့် စပါး၊ ဂျုံ၊ ပန်းနှမ်း၊ အစေ့ထုတ်ပြောင်းနှင့် နေကြာတို့ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးလျက်ရှိပုံ၊ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ်ငွေ ၁၉၆၀၀၀၀ ဖြစ်သည့်ပြင် ဆန်အိတ် ၁၅၇၀ နှင့် ဆားအိတ် ၇၇ အိတ်တို့ကိုပါ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် လယ်ယာ/ဆည်မြောင်း ဒုတိယဝန်ကြီးတို့က စေတနာအပြည့်အဝဖြင့် ပေးအပ်ခဲ့ပုံတို့ကို ကြားသိရသောအခါ ဝမ်းသာလှိုက်လှဲ ထန်သည်းမုဒိတာ ပီတိဖြာနေရပါတော့၏။**

(စ)

၂၅–၆–၂၀၀၄ ရက်နေ့ကား ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ရွှေရင်အေးနွေစပါး စံပြဧက ၅၀ စိုက်ကွင်း၌ အထူးအထွက်ကောင်း ရွှေရင်အေးစပါးမျိုး နွေစပါးရိတ်သိမ်းပွဲနှင့် မိုးစပါး မျိုးပေးအပ်ပွဲနေ့ဖြစ်၏။ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့ ဦးဆောင်တက်ရောက် ချီးမြှင့်ကြ၏။ ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးလွင်၊ လွိုင်ကော်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဦး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တောင်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြပါသည်။

အစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်က ရွှေရင်အေးစပါးစံပြကွက် ရိတ်သိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြ၏။ ဒုတိယဝန်ကြီးက ရွှေရင်အေးစပါးပင်၏ အားသာချက်များ၊ စပါးလုံး၏ အားသာချက်များ၊ ဆန်လုံး၏ အားသာချက်များနှင့် ချက်ပြီးထမင်းလုံး၏ အားသာချက်များဟူ၍ အားသာချက်အဖုံဖုံအစုံစုံ ပြောကြားသွားလေ၏။ ရွှေရင်အေးစပါးသည် ထမင်းအဖြစ် ချက်စားလျှင် ဒေသအကြိုက် ခပ်စေးစေးဖြစ်ကြောင်း၊ ဖွယ်တယ်တယ်မရှိကြောင်း၊ ချက်ပြီးနောက် နာရီများစွာ ကြာသွားသည့်တိုင် ထမင်းခဲ၊ ထမင်းကြမ်းခဲ ဖြစ်မသွားကြောင်း၊ စေးစေးထွေးထွေး အနေအထား၌သာ ရှိကြောင်းတို့ကို အထူးပြု ပြောကြားသွား၏။

ဆက်လက်၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက အမှာစကား ပြောကြားရာတွင် "နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံ့အပေါ် ထားရှိအပ်သော စေတနာကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေပုံကို လည်းကောင်း၊ စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုး အထွက်တိုးအောင် ကြိုးပမ်းနေကြပုံကို လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ စပါးနှင့်တကွ ရေ၊ မြေ၊ ရာသီဉတုနှင့် ကိုက်ညီသော အခြားသီးနှံများ အထွက်တိုးအောင် ကြိုးပမ်းနေပုံကိုလည်းကောင်း" တက်ရောက်လာသူများ ဗဟုသုတပွားအောင် ပြောကြားရင်း "တစ်ချိန်တုန်းက ဒေသတစ်ခုမှာ အထွက်ကောင်းမျိုး စိုက်ပျိုးပါလျက် အထွက်မကောင်းခဲ့သော ဖြစ်စဉ်တစ်ခု"ကို ကိုယ်တွေ့ပြောကြားလေ၏။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑



လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် Mr. P. D. Christ, Sale Director, Fritz Werner Industries (Germany) နှင့် Mr. B. Bieger Representative, Fritz Werner Industries (Yangon Branch) တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် Mr. P. D. Christ, Sale Director, Fritz Werner Industries (Germany) အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖရစ်ဇ်ဝါနာဒါရိုက်တာနှင့် ကိုယ်စားလှယ်အားလက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Mr. P.D. Christ, Sale Director, Fritz Werner Industries (Germany) နှင့် Mr. B. Bieger, Representative, Fritz Werner Industries (Yangon Branch)တို့အား ယနေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၇။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၄၀ ၈။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၅:၄၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၅ ၁၀။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ မျောက်မင်းဝူခုန်း (အပိုင်း-၁၀)**
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ မြန်မာစာ၊ မြန်မာစကား
- ၇:၂၀ ၁၄။ ကြေးမုံရိပ်သွင် တေးနှုယဉ်
- ၇:၃၅ ၁၅။ လှပစုံလင်အင်းလျားကန်တစ်ခွင်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ တစ်ရံရောအခါ (အပိုင်း-၈)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၆

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်သည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ရက်တွင် ရွှေဘိုမြို့၌ ပြန်လည် တည်ဆောက်နေသော အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာနန်းတော်သို့ရောက်ရှိရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ ပြတိုက်တာဝန်ခံ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက နန်းတော်တည်ဆောက်နေမှုနှင့် ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းပြသကြသည်။ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဖြည့်ဆည်းပေး၍ တည်ဆောက်ပြီးစီးသော မြေနန်းတော်၊ နန်းမပြာသာဒ်၊ စာရင်းတိုက်နှင့် ရွှေတိုက်တော်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရမည့် ထိန်းသိမ်းရေး၊ မွမ်းမံပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းရပ်များကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နန်းတော်ဝင်းအတွင်းရှိ ကုန်းဘောင်ဆက်ပြတိုက် ပြတိုက်မွမ်းမံပြင်ဆင်မှု၊ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုပြီး ခင်းကျင်းပြသရမည့် အစီအစဉ်စနစ်များကိုမှာကြားသည်။

ကူညီပံ့ပိုးပေး

ထို့နောက် ဒုတိယဝန်ကြီးသည် ပြန်လည် တည်ဆောက်နေသော ဘိုးတော်မင်းတရားကြီး၏ ပိဋကတ်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ လိုက်ပါလျက် ရွှေဘို-ကျောက်မြောင်း ကားလမ်းရှိ အုန်းပေါက်ရွာအနီးမှ ဟံလင်းရှေးဟောင်းမြို့သို့သွားရာ လမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၃ရက်တွင် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)သို့သွားရောက်၍ ပါမောက္ခချုပ် ဦးစန်းဝင်းနှင့် တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြည့်ဆည်းပေးသည်။ ထို့နောက် ဒုတိယ ဝန်ကြီးသည် ပန်းပုသင်ကြားရေးဆောင်နှင့် ဆောက်လုပ်လျက်ရှိသော အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် ရှေးဟောင်း သုတေသန (အထက်မြန်မာပြည် ဌာနခွဲ)မှ တာဝန်ရှိသူများလိုက်ပါလျက် တံတားဦးမြို့နယ်ရှိအင်းဝပြတိုက်သို့ သွားရောက်၍ ခင်းကျင်း ပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းပစ္စည်းများ၏ ခင်းကျင်းပြသမှု၊ ထိန်းသိမ်းမှု၊ လုံခြုံမှု ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့တွင် ပြန်လည်ပြုပြင် ထိန်းသိမ်းထားသော ရှေးဟောင်း မဟာမင်းထင်သစ်သားကျောင်းကြီးကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြောက်ဘက် မြို့ရိုးမှ ယိုယွင်းမှုကို ပြန်လည်ပြုပြင်နေမှုများနှင့် မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် ပြတိုက်များကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် မန္တလေး အမျိုးသားဇာတ်ရုံ၌ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံကာ တင်ပြချက်များကို ပံ့ပိုးပေးပြီး စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများကို ရှင်းလင်းမှာကြားသည်။ ထို့နောက် ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုသင်တန်းများကို ကြည့်ရှုစစ်ဆေးသည်။
(သတင်းစဉ်)

ကန့်ဘလူအသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၆

ကန့်ဘလူအသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၇ရက်(စနေနေ့) နံနက် ၉နာရီတွင် ဗဟန်း ရွှေတိဂုံ အရှေ့မုခ်၊ ကြားတောရလမ်း ကုန်သွယ်/လယ်ယာဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ရန်ကုန်ရောက် ကန့်ဘလူမြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ အသင်းဝင်များ၏ (၇၅)နှစ်အထက် မိဘများ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် ဥက္ကဋ္ဌ ဦးသောင်းစိန် ဖုန်း-၂၂၃၅၈၇၊ ၅၄၂၆၈၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှရွှေ ဖုန်း-၅၆၆၁၀၀နှင့် အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း-တစ်ဆင့် ၂၉၀၅၄၂၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြည်မောင်(ငြိမ်း) ဖုန်း-၆၃၅၈၃၂၊ ဘဏ္ဍာရေးမှူး ဦးတင်ထွန်းအောင် ဖုန်း-၆၄၃၅၁၆၊ ၆၄၃၀၃၅တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်းသိရသည်။
(က-ပ)

တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက် ၉နာရီတွင် မုံရွာမြို့ ကန်တော်ကြီး ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာသံဒိုင်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာနေဝင်း၊ စစ်ကိုင်းတိုင်း မွေးမြူ ရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမြင့်ဌေး၊ စစ်ကိုင်းတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်စိုး၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ် ဦးစီးမှူးများ၊ တိရစ္ဆာန်ဆေးကု ဆရာဝန်များနှင့် မွေးမြူရေးလုပ်ငန်းရှင် ၂၀၀ ကျော်တို့ တက်ရောက်ကြသည်။

အသေးစိတ်ဆွေးနွေး

အခမ်းအနားတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အောင်အောင် အင်တာနေရှင်နယ် ကုမ္ပဏီ၊ ရိုင်ရိုမက် ကုမ္ပဏီ၊ ဩဘာကုမ္ပဏီနှင့် ဖော်ကျွန်းကုမ္ပဏီတို့က မြန်မာနိုင်ငံ မွေးမြူရေး တိရစ္ဆာန်များ သက်ညှာရေးဆိုင်ရာ ကိစ္စများ ရှင်းလင်းဆွေးနွေးပြီးနောက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာသံဒိုင်က မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ပညာရပ်ဆိုင်ရာများ အသေးစိတ် ဆွေးနွေးသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူများသည် ဆေးကုမ္ပဏီများမှ ဆေးပြခန်းများကို စိတ်ပါဝင်စားစွာ လေ့လာကြသည်။
(သတင်းစဉ်)

ရာသီဥတု သာယာမျှတစေရေး နိုင်ငံတော်က အထူးအလေးထားဆေ
ဒေသနေပြည်သူများက သစ်တော သစ်ပင် ပြုစုပျိုးထောင်ရေးကို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ရေဘေးကယ်ဆယ်ရေးအတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေ ၁၅၂၈၂၄၅၃ ကျပ်ကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

❑ **စာမျက်နှာ ၆ ဆောင်းပါးမှ**

အထွက်နှုန်း တင်း ၁၀၀ ကျော် မုချရရှိပါမည်ဟူသော အာမခံချက်ဖြင့် အထွက်ကောင်း စပါးမျိုးတစ်ခုကို ဝယ်ယူကာ အဖွဲ့အစည်းပိုင် လယ်တစ်ခု၌ စိုက်ပျိုးခဲ့ရာ တကယ်တမ်း ရိတ်သိမ်းခြွေလှေ့ ခြင်တွယ်သောအခါတွင်မူ တင်း ၆၀ ကျော်သာ ရရှိခဲ့သောကြောင့် အာမခံသူများကို ခေါ်ယူပြသသော အခါ "မိမိတို့ဆီမှာ အမှန်ပင် တင်း ၁၀၀ ကျော် ထွက်ရှိပါကြောင်း၊ ဤ၌ ပြည့်မီစွာ မထွက်ရှိသည်မှာ အကြောင်းတစ်ခုခုကြောင့်သာ ဖြစ်မည် ထင်ပါကြောင်း၊ မျိုးကြောင့် မဟုတ်သည်ကို အာမခံပါကြောင်း၊ ယခု ရိတ်သိမ်းပြီး လယ်ကွင်းကို စစ်ဆေးကြည့်လိုပါကြောင်း" တင်ပြသဖြင့် ကွင်းဆင်း၍ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ကြ၏။

ဤတွင်–

(၁) အများ မြင်သာလောက်သော လယ်ကွင်းများ၌သာ စိုက်စနစ် မှန်ကန်စွာ စိုက်ကြောင်း။

(၂) အများ မမြင်သာလောက်သည့် ချောင်ကျကျ၊ ခပ်ဝေးဝေး လယ်ကွက်များ၌မူ မည်ကာမတ္တ ဖြစ်ကတတ်ဆန်း စိုက်ထားကြောင်း။

(၃) ချောင်ကျ လယ်ကွက်အချို့၌ ကောက်နှံတစ်ပင်နှင့် တစ်ပင် တစ်တောင်မက ခြားကွာနေကြောင်းတို့ကို ရိုးပြတ်များက သက်သေပြလေ၏။

ကိုယ်တွေ့ကြုံခဲ့ဖူးသော ယင်းဖြစ်စဉ်ကို တိုင်းမှူးက ပြောကြားပြီး **"စိုက်စနစ်မှန်ကန်စွာ စိုက်ရန်လိုကြောင်း၊ တစ်ဧကတွင် ကောက်ပင် တစ်သိန်းခုနစ်သောင်း ဝင်အောင် စနစ်တကျစိုက်ရန်လိုကြောင်း၊ စိုက်ပြီးလျှင် ပြီးရောဟု သဘောထားမျိုး မရှိအပ်ကြောင်း၊ စိုက်ပြီးနောက် အရိပ်တကြည့်ကြည့် ဂရုစိုက်ရန် အထူးလိုကြောင်း"** တို့ကို တောင်သူများ အသိရှင်း၊ အမြင်လင်းအောင် နားသွင်းမှာကြားလေ၏။

ထို့နောက် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ရွှေရင်အေး မျိုးစပါးများ ဝယ်ယူဖြန့်ဖြူးမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြ၏။

တိုင်းမှူးက ကယားပြည်နယ်အတွင်း ၂၀၀၄-၂၀၀၅ ခုနှစ် မိုးရာသီတွင် မျိုးပွားစိုက်ပျိုးရန်အတွက် ရွှေရင်အေးစပါးမျိုး တင်း ၂၀၀၀ ကို ကယားပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများအား ပေးအပ်၏။ ဆက်လက်၍ ဒုတိယဝန်ကြီးက တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ရွှေရင်အေးမျိုးစပါးများ ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာများက လက်ခံရယူ၏။

ယင်းအစီအစဉ်များ ပြီးဆုံးသောအခါ ရွှေရင်အေးစပါးမျိုး နွေစပါးများကို စက်ဖြင့်ရိတ်သိမ်း၍ စက်ဖြင့်ခြွေလှေ့ကာ စံတင်းဖြင့် ချိန်တွယ် စစ်ဆေးကြသောအခါ အဖြေမှာ တစ်ဧကလျှင် ၁၄၇ ဒသမ ၅၃ တင်းဟု ဖြစ်လေ၏။ ဤ၌ ဤဆောင်းပါးရေးသားနေစဉ် အခြားဖြစ်ထွန်းမှုတစ်ခုကို တစ်ဆက်တည်း မှတ်တမ်းတင်ရလျှင် ၂-၇-၂၀၀၄ ရက်နေ့ ကယားပြည်နယ် ဒီမောဆိုးမြို့နယ် ရွှေရင်အေးနွေစပါး ရိတ်သိမ်းပွဲ၌လည်း တစ်ဧကလျှင် ၁၆၂ ဒသမ ၅၀ တင်း ထွက်ရှိခြင်းဖြစ်ပါသည်။

(ဆ)

SR ၄၅၆ သက်လတ်မျိုးစပါးဖြစ်သော ရွှေရင်အေးစပါး၏ အမှန်တကယ် အထွက်ကောင်းပုံတို့ကို ဒေသခံများ လက်တွေ့မျက်တွေ့ဖြစ်ခဲ့ကြပြီ။ စားကောင်း၍ အာဟာရဓာတ် ပြည့်ဝကြောင်းလည်း လျှာတွေ့အာတွေ့ ဖြစ်ခဲ့ကြပြီ။

ထို့ကြောင့် ရွှေရင်အေးစပါးသည် ရွှေဘဝင်အေးသွားမည့်အပြင် ရွှေအသွင် ထွေးပွေ့ထားအပ်သည့် စိုက်သူ၊ စားသူအကြိုက် စပါးမျိုးဖြစ်ရကား ပေါပေါစား များများလှူ ရွှေပြည်နိဗ္ဗူ အောင်ဆုယူဖို့ ထွန်းပြူပေါ်ထွက်လာသော စပါးမျိုးကောင်း ဖြစ်လျက်ရှိပါသတည်း။ ။

➪ **ကျောဖုံးမှ**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် ရေဘေးသင့် မြို့နယ်များသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားအစီအစဉ်အရ ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရေဘေး ဖြစ်ပေါ်ခဲ့မှုဖြစ်စဉ်၊ ၂၀၀၄ခုနှစ် ဇူလိုင် တတိယပတ်အတွင်း မြစ်ကြီးနားမြို့နယ် အတွင်း ရေဘေးအဆင့်ဆင့် ဖြစ်ပေါ်မှုအခြေအနေ၊ ရေဘေးသင့်သည့် ရပ်ကွက်၊ ကျေးရွာနှင့် အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေအခြေအနေ၊ ယာယီကယ်ဆယ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရေဘေးကယ်ဆယ်ရေးအတွက် လှူဒါန်းငွေကျပ် ၇၅၃၆၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရေးစခန်းများ ဖွင့်လှစ်ထားမှု၊ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့မှု၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်း ရေလွှမ်းမိုးမှုကြောင့် မိုးစပါး စိုက်ခင်းများ ထိခိုက်မှုနှင့် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဖြင့် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ကချင်ပြည်နယ် ရေဘေးသင့်မြို့နယ်များသို့ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ကချင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေ ၁၅၂၈၂၄၅၃ကျပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် က ငွေ ၇၄၇၈၃၆၅ကျပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဇနီး ဒေါ်တင်တင်နွဲ့၊ သမီး မအိသက်သက်ဆွေနှင့် သား ဗိုလ်လောင်း ကောင်းကျော်ဆွေ မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် ၇၅၃၆၀၀၀ နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်နှင့် ရန်ကုန်မြို့မှ လုပ်ငန်းရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ငွေကျပ် ၆၉သိန်း တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း များနှင့် ငွေကျပ် ၁၅သိန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ငွေကျပ် ၂၅၆၈၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)က ငွေကျပ် ၁၆၀၀၀၀

ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရေဘေးကယ်ဆယ်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်နှင့် ရန်ကုန်မြို့မှ လုပ်ငန်းရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၃၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ၂၃၀၃၉၁၅ကျပ် တန်ဖိုးရှိ ပစ္စည်းများ၊ ရှယ်ဖယ်မလီ ကျောက်မျက်ကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ဖားကန့် လုပ်ငန်းရှင်အဖွဲ့က ငွေကျပ်သိန်း ၂၀၊ ဦးကျော်မြင့် ဟိုးအင်ဝမ်းကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးက ငွေကျပ် ၁၀သိန်းနှင့် အဝတ် အထည်များ၊ ဒေါ်အားမေက ငွေကျပ်ငါးသိန်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စခန်းရုံးမှ ငွေကျပ်တစ်သိန်း၊ ဦးသာဆန်း ကွမ်လုံငြိမ်းချမ်းရေးမှ ငွေကျပ် နှစ်သိန်း၊ အာရ်စီကက်သလစ်အသင်းတော် အောင်နန်းရပ်ကွက်မှ ဆန် ၁၀အိတ်၊ မီကိုကုမ္ပဏီက ငွေကျပ်ခုနစ်သိန်း တန်ဖိုးရှိ ကော်ဖီမစ်နှင့် ပြောင်းဖူးမစ်များ၊ Swiss Aid Myanmar Program က ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၀၀၊ ကချင်အထူးဒေသ(၂)မှ ငွေကျပ် ၁၀သိန်းနှင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာက ငွေကျပ်ငါးသိန်းနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတို့က လက်ခံ ကြသည်။

အလှူရှင်များ၏ ယနေ့ လှူဒါန်းမှုမှာ အလှူငွေနှင့် ပစ္စည်းတန်ဖိုးစုစုပေါင်း ၈၄၅၈၀၉၉၅ ကျပ်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြား ရာတွင် ယနေ့ မိမိနှင့်အတူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ မြစ်ကြီးနားမြို့သို့ ရောက်ရှိလာပြီး မြစ်ကြီးနားမြို့ ပတ်ဝန်းကျင်ဒေသများ ရေကြီးနစ်မြုပ်ခဲ့မှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား အားပေးကူညီထောက်ပံ့ပေး ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာရောက်ခြင်း ဖြစ်ကြောင်း။

များစွာနည်းပါး

ကမ္ဘာပေါ်တွင် ယခုကဲ့သို့ ရေကြီးနစ်မြုပ်မှုကဲ့သို့သော မမျှော်မှန်း နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည့်နိုင်ငံ မြောက်မြားစွာ ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှုမျိုးမှာ များစွာနည်းပါးကြောင်း၊ ထိုသို့နည်းပါးရခြင်းမှာ သစ်တော၊ သစ်ပင် ထိန်းသိမ်းကာကွယ်ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု မရှိအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုကြောင့်ဖြစ်ကြောင်း။

အထူးသဖြင့် ကချင်ပြည်နယ်ကဲ့သို့သော တောင်ကုန်းတောင်တန်း ပေါများသည့် ဒေသတွင် သဘာဝပတ်ဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ အထူးဂရုပြု ဆောင်ရွက်သွားကြရန်

အရေးကြီးကြောင်း၊ တောင်
တောင်တန်းများပေါ်တွင် ေ
သစ်ပင်များ ပြုန်းတီးမှုဖြစ်ပြ
ရာသီဥတု ဖောက်ပြန်ပြောင်
များ ဖြစ်ပေါ်လေ့ရှိကြောင်
တိုက်စားကာ မြေဆီလွှာမှ
မြစ်များ၊ ချောင်းများအတွင်
ဖြစ်ပေါ်လာသဖြင့် ရေစီး
မြစ်ရေကြီးခြင်း၊ ရေလွှမ်းမိ

ထို့ကြောင့် ရာသီဥ
သစ်တော၊ သစ်ပင်များပြုစု
စီမံချက်များချကာ အထူးအ
ဒေသနေပြည်သူများကလည်
ဆောင်ရွက်လျက်ရှိသည့်
လုပ်ငန်းရပ်တစ်ခုဖြစ်သည့်
ဝိုင်းဝန်းကြိုးပမ်း ဆောင်
ပပျောက်ရေးကိုလည်း အ

အထူးသဖြင့် မြစ်ကြီ
များတွင် မိုးရာသီကာလ၌
ရှိကြောင်း၊ ထိုသို့မြစ်ရေကြီ
ရေများ ပြန်လည်ကျစပြု
ပါရှိလာသည့် နုန်းများကြေ
သေကျေပျက်စီးခြင်းတို့ကြေ
ပိုမိုဖြစ်ထွန်းလာမည်ဖြစ်
ပါက အဓိကသီးနှံဖြစ်သည့်
ဆောင်ရွက်သွားကြရန်လို

ယခုကဲ့သို့ မြစ်ကြီး
ပတ်သက်ပြီး နိုင်ငံတော်အ
ဆောင်ရွက်ပေးသွားမည်ဖြ
ဌာနဆိုင်ရာများ၊ လူမှုရေ
ရေဘေးသင့်ခံခဲ့ရသည့် ဒေ
လှူဒါန်းမှုပြုကြသည့်အတွက်
လိုကြောင်း။

ကချင်ပြည်နယ် ဒေ
မြောက်ပိုင်းတိုင်း စစ်ဌ
တာလောကြီးတိုက်နယ် ေ
အပြီးသတ်ဆောက်လုပ်ရ
ကျောင်းအုပ်ဆရာမကြီး

ယခုကဲ့သို့ နိုင်ငံတော်
လှူဒါန်းကြသည့် စေတနာ
တို့၏ တက်ညီလက်ညီ ပူး
ခံခဲ့ကြရသည့် ဒေသများမှ
တိုးတက်လာမှာ ဖြစ်ကြော
လိုက်သည်။

အခမ်းအနားအပြီးတွ
နှင့် အဖွဲ့ဝင်များသည် ေ

…လေးထားဆောင်ရွက်လျက်ရှိ …ထောင်ရေးကို ဝိုင်းဝန်းကြိုးပမ်း

အရေးကြီးကြောင်း၊ တောင်ကုန်းတောင်တန်းထူထပ်သဖြင့် ယင်းတောင်ကုန်းတောင်တန်းများပေါ်တွင် တောင်ယာခုတ်ထွင် စိုက်ပျိုးမှုများကြောင့် သစ်တောသစ်ပင်များ ပြုန်းတီးမှုဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဖြစ်ကာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီး မိုးခေါင်ခြင်း၊ ရေကြီးခြင်းများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ အချို့ဒေသများတွင် မိုးကြီးခြင်းကြောင့် မိုးရေတိုက်စားကာ မြေဆီလွှာများ ထိန်းသိမ်းထားနိုင်ခြင်းမရှိဘဲ မိုးရေနှင့်အတူ မြစ်များ၊ ချောင်းများအတွင်းသို့ စီးဝင်ကာ မြစ်ကြမ်းပြင် မြင့်တက်လာမှုများ ဖြစ်ပေါ်လာသဖြင့် ရေစီးရေလာကောင်းမွန်မှု မရှိတော့သဖြင့် ယခုကဲ့သို့ မြစ်ရေကြီးခြင်း၊ ရေလွှမ်းမိုးခံရခြင်းတို့ ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း။

သစ်တောသစ်ပင်

ထို့ကြောင့် ရာသီဥတု သာယာမျှတစေရေးအတွက် နိုင်ငံတော်က သစ်တော၊ သစ်ပင်များပြုစုထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို စီမံချက်များချကာ အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသနေပြည်သူများကလည်း နိုင်ငံတော်အစိုးရက စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်သည့် သစ်တောသစ်ပင်ပြုစုပျိုးထောင် စိုက်ပျိုးရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် တောင်ယာခုတ်ထွင် စိုက်ပျိုးမှု ပပျောက်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

အထူးသဖြင့် မြစ်ကြီးနားကဲ့သို့သော မြစ်၊ ချောင်းများနီးသည့် ဒေသများတွင် မိုးရာသီကာလ၌ ယခုကဲ့သို့ ရေကြီးနစ်မြုပ်မှုများ ဖြစ်လေ့ဖြစ်ထရှိကြောင်း၊ ထိုသို့မြစ်ရေကြီးခြင်းမှာ အခိုက်အတန့်သာဖြစ်ကြောင်း၊ ယခုပင်ရေများ ပြန်လည်ကျစပြုနေပြီဖြစ်ကြောင်း၊ ရေကျပြီးပါက ရေနှင့်အတူ ပါရှိလာသည့် နုန်းများကြောင့် မြေဆီလွှာပိုကောင်းလာခြင်း၊ သီးနှံဖျက်ပိုးများ သေကျေပျက်စီးခြင်းတို့ကြောင့် ပြန်လည်စိုက်ပျိုးသည့်အခါတွင် သီးနှံများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေများ ပြန်လည်ကျဆင်းပြီးပါက အဓိကသီးနှံဖြစ်သည့် စပါးကိုပြန်လည်စိုက်ပျိုးရေး ဖိဖိစီးစီးအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုကဲ့သို့ မြစ်ကြီးနားဒေသတွင် ရေကြီးနစ်မြုပ်ခြင်း ဖြစ်ခဲ့မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ယနေ့ကျင်းပပြုလုပ်သည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ရေဘေးသင့်ခံခဲ့ရသည့် ဒေသနေ ပြည်သူများအတွက် ယခုကဲ့သို့ ဝိုင်းဝန်းကူညီလှူဒါန်းမှုပြုကြသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တာလောကြီးတိုက်နယ် ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အပြီးသတ်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးက လက်ခံယူစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ဒေသနေအလှူရှင်များ၊ ဒေသအသီးသီးမှ လှူဒါန်းကြသည့် စေတနာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့အစည်းအသီးသီးတို့၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရေဘေးသင့်ဒဏ်ခံခဲ့ကြရသည့် ဒေသများမှာ အချိန်တိုတိုအတွင်း လျင်မြန်စွာ ပြန်လည်တိုးတက်လာမှာ ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ရေကြီးမှု ရေဘေးသင့်ဒဏ် ခံရသည့်

လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ ဝိုင်းမော်ဆိပ်ကမ်း နယ်မြေ တစ်လျှောက် ကျောက်စီရေထိန်းနံရံ တည်ဆောက်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၊ စီတာပူရပ်ကွက် တို့သို့လည်းကောင်း၊ မြို့မရပ်ကွက်ရှိ ဝိုင်းမော်ဆိပ်ကမ်းနယ်မြေတစ်လျှောက် ဧရာဝတီမြစ်ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ကျောက်စီရေထိန်းနံရံ တည်ဆောက်ကာကွယ်ထားမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၂)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး မြစ်ကြီးနားမြို့ မလိခရိပ်သာသို့ ရောက်ရှိကြသည်။

တာလောကြီးကျေးရွာ

မွန်းလွဲပိုင်းတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာသို့ ရောက်ရှိကြပြီး ယင်းမှတစ်ဆင့် စက်တပ်ရေယာဉ်များဖြင့် တာလောကြီး တိုက်နယ်ဆေးရုံဝင်းအတွင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြရာ မြို့မိ၊ မြို့ဖများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရေဘေးသင့်ခံရသည့် ဒေသခံပြည်သူများအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် တာလောကြီးကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှတစ်ဆင့် ရေဘေးသင့် ကာလအတွင်း ကလေးမွေးဖွားမိခင် နှစ်ဦးနှင့် ကလေးများအတွက် ငွေကျပ်တစ်သိန်း၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်က ငွေကျပ်သိန်း ၇၀၊ တာလောကြီးကျေးရွာအုပ်စု မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစုများအတွက် ငွေကျပ်တစ်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့က တာလောကြီးကျေးရွာ ရေဘေးသင့်ခံပြည်သူများအတွက် အစားအစာ၊ လူသုံးပစ္စည်းနှင့် အဝတ်အထည်များ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာလောကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) အပြီးသတ်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀ တို့ကို အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများက တာလောကြီးကျေးရွာအုပ်စု အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံထွန်းနှင့် ရပ်မိရပ်ဖများ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးတို့အား ပေးအပ်လှူဒါန်းသည်။

ယင်းနောက်အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး တာလောကြီးကျေးရွာမှ ပြန်လည်ထွက်ခွာကြသည်။

ဆင်ဘိုမြို့

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြရာ နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူးမြင့်မော်နှင့် တပ်မတော်မိသားစုဝင်များ၊ ဆင်ဘိုမြို့ အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆင်ဘိုမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင် မိသားစုများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ငါးရပ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများ၊ တပ်မတော်သားများနှင့် ပူးပေါင်းကာ တက်ညီလက်ညီ ဆောင်ရွက်သွားရေး၊ ဆင်ဘိုမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က ရေဘေးကယ်ဆယ်ရေးအတွက် လှူဒါန်းသော အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို တာလောကြီးကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစံထွန်းအား ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်က လှူဒါန်းငွေကျပ် သိန်း ၇၀ ကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးရာဝမ်ဂျူက တာလောကြီးကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစံထွန်းနှင့် အဖွဲ့အား ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

▲ ကာကွယ်ရေးဝန်ကြီးဌာနမှ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် သိမ်ဇရပ် အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ကျောင်းဝင်းအတွင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမင်းလွင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစောဝေတို့က မာလ်တီမီဒီယာစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မာလ်တီမီဒီယာ စာသင်ခန်းများကိုလည်းကောင်း၊ ပန်းချီ အနုပညာခန်းနှင့် အိမ်တွင်းမှုနှင့် လက်မှုပညာခန်းများ၌ ကျောင်းသားကျောင်းသူများ လက်တွေ့သင်ယူဆည်းပူးနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို အနုပညာရသခန်း၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသားကျောင်းသူများက အဆို အက အနုပညာများဖြင့် တင်ဆက်ဖြေဖျော်ကြပြီး ကျောင်းအုပ်ဆရာကြီး ဦးမင်းလွင်က မာလ်တီမီဒီယာ စာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစောဝေက မာလ်တီမီဒီယာ စာသင်ခန်းများ ဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မာလ်တီမီဒီယာစာသင်ခန်းများအတွက် အထောက်အကူပြုပစ္စည်း

ဖွင့်လှစ်လိုက်သော မာလ်တီမီဒီယာစာသင်ခန်းများကို စနစ်တကျအသုံးချ ထူးချွန်ထက်မြက်သူများ ပေါ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေး

များကို ကျောင်းအုပ်ဆရာကြီး ဦးမင်းလွင်အား ပေးအပ်သည်။

ပံ့ပိုးကူညီ

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် ယနေ့ မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ အားလုံး မာလ်တီမီဒီယာအဆင့်နှင့် အထက်တန်းကျောင်း(ခွဲ)၊ တွဲဖက်အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အလယ်တန်းကျောင်း(ခွဲ)များအားလုံးကို 3-Platfrom အဆင့်သို့ ရောက်ရှိအောင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၀၀၀ကျော် အခြေခံ မတည်ပံ့ပိုးကူညီခဲ့ပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများ၌ e-Libraryများ ဖွင့်လှစ်ထားရှိရာ e-Libraryကို ကျောင်းသား ကျောင်းသူများလက်တွေ့ အသုံးချရန် လိုအပ်ပါကြောင်း၊ e-Libraryမှ မိမိတို့ လိုအပ်သည့် အသိပညာ၊ အတတ်ပညာများ ထုတ်ယူသုံးစွဲနိုင်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်အောင် ဆက်လက်ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ လိုအပ်သည့် အကူအညီများကိုလည်း မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖြည့်ဆည်း ပံ့ပိုးလျက်ရှိကြောင်း။

မာလ်တီမီဒီယာပစ္စည်းများ ပြည့်စုံပါမှလည်း ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိလာမှာဖြစ်ကြောင်း။

ထို့ကြောင့် လက်ရှိ အခြေအနေအတိုင်း ရပ်တန့်မနေဘဲ ဆက်လက်ဖြည့်ဆည်းပံ့ပိုးကြပါ၊ တစ်ယောက်အားဖြင့် မရပါက အများစုပေါင်းပြီး ဆောင်ရွက်ကြပါ၊ နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် ပူးပေါင်းပါဝင်ကြပါဟု တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပညာရေးဝန်ထမ်းများ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ကျောင်းသား မိဘများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သိမ်ဇရပ် အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ပရဟိတဂေဟာ

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့ ဆိပ္ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ရောက်ရှိကြရာ ကျောင်းသားလူငယ်များက ဂါရဝပြုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဆိပ္ဖူးတောင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ဂေဟာတည်ထောင်သူ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဇောတိကနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆရာတော်ဘဒ္ဒန္တ ဇောတိကအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆိပ္ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကွန်ပျူတာ တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့မင်းကျောင်း ဆရာတော် ဦးစန္ဒိမာလှူဒါန်းသော ရုပ်မြင်သံကြားစက်နှင့် ဗွီစီဒီစက်တို့ကို အလှူရှင်ကိုယ်စားလှယ်များက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ညိုအား လွှဲအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင် ဦးရဲထွန်းက သင်ထောက်ကူပစ္စည်းများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌအား ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာဆရာမများနှင့်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆိပ္ဖူးတောင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့မှ မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာကြပြီး သထုံမြို့မှတစ်ဆင့် ကရင်ပြည်နယ် ဘားအံမြို့နယ်သို့ ရောက်ရှိကြရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရွှေဂွန်းအထက

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ညနေပိုင်းတွင် ကရင်ပြည်နယ် ရွှေဂွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရွှေဂွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ ကရင်ပြည်နယ်မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇံသာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ရွှေဂွန်းအခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွှန့်တို့က မာလ်တီမီဒီယာစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မာလ်တီမီဒီယာစာသင်ခန်းများ၌ ကျောင်းသားကျောင်းသူများ ခေတ်မီ အီလက်ထရောနစ် သင်ထောက်ကူပစ္စည်းများဖြင့် သင်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေဂွန်းအခြေခံပညာ အထက်တန်းကျောင်း ဖွဲ့ကပင်ခန်းမ၌ မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက အဆို၊ အက အနုပညာများဖြင့် ဖြေဖျော်ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ရေးစီစဉ်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းညွှန့်က မာလ်တီမီဒီယာ စာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရွှေဂွန်း အခြေခံပညာ အထက်တန်းကျောင်းအတွက် သင်ကြားမှု အထောက်အကူပြု တိတ်ခွေနှင့် CD-ROM များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းအား ပေးအပ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ရွှေဂွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ ကျိုက်ထိုမြို့နယ် သိမ်ဇရပ် အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအပြီးတွင် ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၁၀ မှ

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကွန်ပျူတာသုံးလုံးကို လည်းကောင်း၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက ဗီဒီယိုပြစက်တစ်လုံးကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက မာလ်တီမီဒီယာစာသင်ခန်းများအတွက် ပထမလှူဒါန်းငွေ ကျပ်သိန်း ၂၀နှင့် ထပ်မံလှူဒါန်းငွေ ကျပ်သိန်း ၃၀တို့ကို လည်းကောင်း ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့သည် ရွှေဂွန်းအခြေခံပညာ အထက်တန်းကျောင်းအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်ပံ့ပိုးမှု၊ ကျောင်းအုပ်ကြီးနှင့်တကွ ကျောင်းအကျိုးတော်ဆောင်များ၏ ကြိုးစားအားထုတ်မှု၊ တိုင်းမှူးနှင့်တကွ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုတို့ကြောင့် ယခုကဲ့သို့ မာလ်တီမီဒီယာစာသင်ခန်းများ ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့(၂၁)ရာစုတွင် ကမ္ဘာကြီးသည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေကြောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာများ အလွန်လျင်မြန်စွာ ပြောင်းလဲနေသည်နှင့်အမျှ လူသားများအတွက် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နည်းပညာဖွံ့ဖြိုးတိုးတက်အောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားရှာဖွေလျက်ရှိကြောင်း။

ပညာရေးမြှင့်တင်မှု

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ယှဉ်၍ ရင်ပေါင်တန်းနိုင်ရန် ပညာရေးမြှင့်တင်မှုအစီအစဉ်များကို ၁၉၉၈ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၉ခုနှစ်တွင် ဒုတိယအဆင့်၊ ၂၀၀၀ပြည့်နှစ်တွင် တတိယအဆင့်နှင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းတို့ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ပညာရေးကဏ္ဍ အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ၂၀၀၁ခုနှစ်က စတင်၍ ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့် တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတစ်ခု၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် အခြားသော အရေးကိစ္စအားလုံးသည် ပညာရေးအပေါ်မှာ တည်မှီလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတကာတွင် ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်လျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်က စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ စီမံဆောင်ရွက်ရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး၌ အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရန်လိုကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများကို ခေတ်မီသောပညာရေးနည်းစနစ်များဖြင့် အရည်အချင်းပြည့်ဝအောင် မွေးထုတ်ပေးရာတွင် မာလ်တီမီဒီယာစာသင်ခန်းများသည် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မာလ်တီမီဒီယာစာသင်ခန်းများမှ ခေတ်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြု အီလက်ထရောနစ်ပစ္စည်းများကို စနစ်တကျ ကိုယ်တွယ်အသုံးပြုနိုင်မည်ဖြစ်၍ အနာဂတ်အတွက် အတွေ့အကြုံကောင်းများ ရရှိလာမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ ယခုဖွင့်လှစ်လိုက်သော မာလ်တီမီဒီယာစာသင်ခန်းများကို စနစ်တကျအသုံးချပြီး ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများ ပေါ်ထွန်းလာအောင် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရန် မှာကြားလိုကြောင်း။

ပူးပေါင်းဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော အနာဂတ်၏ မျိုးဆက်သစ် ကျောင်းသား၊ကျောင်းသူများ၏ ပညာရည်မြင့်မားလာစေရန် ပြည်သူများနှင့် ဝန်ထမ်းများ စည်းရုံးဆောင်ရွက်သွားကြရေးနှင့်ကျောင်းသား၊ ကျောင်းသူများ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်ထက်မြက်စေပြီး အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်ကြစေရန် မိဘဆရာ ပူးပေါင်းဆောင်ရွက်ပေးရန် လိုကြောင်းဖြင့် ပြောကြားသည်။

လှိုင်းဘွဲ့ အထက

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီခွဲတွင် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်သန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်တို့က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မာလ်တီမီဒီယာစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးရာ အထောက်အကူပြုပစ္စည်းများဖြင့် လက်တွေ့သင်ယူတတ်မြောက်မှုတို့ကိုလည်းကောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး စီမံချက်ကို အင်္ဂလိပ်ဘာသာစကားဖြင့် သရုပ်ဖော်မှုကို လည်းကောင်း ကျောင်းသား၊ ကျောင်းသူများက အသီးသီး တင်ဆက်ပြသကြသည်။

ဆက်လက်၍ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျောင်းခန်းမ၌ကျင်းပရာ အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်သန်းက မာလ်တီမီဒီယာစာသင်ခန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်က မာလ်တီမီဒီယာစာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ အတွက် တိတ်ခွေများနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်သည်။

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးက ကွန်ပျူတာငါးလုံးကို လည်းကောင်း၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက ဗီဒီယိုပြစက်တစ်လုံးကိုလည်းကောင်း၊ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးဝင်းအောင်က ငွေကျပ် ၁၀သိန်း၊ ဦးသန်းကွီး-ဒေါ်အေးမိသားစုက ငွေကျပ်ငါးသိန်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့နှင့် ကျောင်းသားမိဘများက ငွေကျပ် ၁၅သိန်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဒေါ်နန်းသင်းအုံက ငွေကျပ်နှစ်သိန်းတို့ကိုလည်းကောင်း ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့အပြင် ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးစောကြာအင်းမိသားစုက ၂၀လက်မတီဗွီတစ်လုံး၊ ဦးစောချစ်သူက ငွေကျပ် ၁၅သိန်းနှင့် ဦးရန်ရှင်းက ငွေကျပ် ၁၄၀၀၀၀ တို့ကိုလည်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လှိုင်းဘွဲ့မြို့မှ ဘားအံမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ၂၅၃၃စင်တီမီတာနှင့် ပြည်မြို့တွင် ၂၈၇၆စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၂၅၅၀စင်တီမီတာနှင့် ၂၉၀၀စင်တီမီတာ အသီးသီးသို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇန်းမော်မြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် သုံးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် သုံးပေခွဲခန့်စီ၊ မင်းဘူးမြို့တွင် သုံးပေခန့်နှင့် မကွေးမြို့တွင် နှစ်ပေခန့် စိုးရိမ်ရေမှတ်များအထက်တွင် တည်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် လေးပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - ၁၉၆၄ခု၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ (ဒုတိယနှစ် ဥပဒေပညာအထူးပြု)
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျက်ရည်မိုး (အပိုင်း-၁၀)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်နှင့် အယောင်ဆောင်စွမ်းအားရှင် (အပိုင်း-၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

တစ်ရာသီတည်း ဖလားသုံးခု ဆွတ်ခူးသည့် စီးပွား/ကူးသန်း (ခ)အသင်း

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ ဒုတိယတန်း၊ တတိယတန်း ကွင်းပိတ် (ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီးပွား/ကူးသန်း(ခ)အသင်းနှင့် ဝီရအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ယှဉ်ပြိုင်ကစားကြရာ စီးပွား/ကူးသန်း(ခ)အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

စီးပွား/ကူးသန်း (ခ)အသင်း လေးဂိုး။

[အောင်ရဲထွဋ် နှစ်ဂိုး၊ ဉာဏ်ထွန်း(ပိုင်နယ်တီ) နှင့် ကျော်ဆန်းလင်း တစ်ဂိုးစီ]

ဝီရအသင်း ဂိုးမရှိ။

ဒိုင်လူကြီး ဦးသိန်းမြိုင်။

စီးပွား/ကူးသန်း(ခ) အသင်းသည် ပြိုင်ဘက် ဝီရအသင်းကို ခြေအသာဖြင့် တောက်လျှောက် ဖိကစားသွားပြီး ဂိုးပြတ်သွင်းယူကာ ပထမဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ရသွားခြင်းဖြစ်သည်။

စီးပွား/ကူးသန်း(ခ) အသင်းသည် ယခုပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သဖြင့် ဒုတိယတန်းတွင် တစ်ရာသီတည်း ဖလားသုံးခု ဆွတ်ခူးရရှိသွားသည်။ စီးပွား/ကူးသန်း(ခ) အသင်းသည် တစ်ရာသီတည်းတွင် ဒုတိယတန်း ကွင်းဖွင့်၊ အမှတ်ပေးနှင့် ကွင်းပိတ် (ရှုံး/ထွက်)ပြိုင်ပွဲများတွင် ချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

စီးပွား/ကူးသန်း(ခ) အသင်းသည် ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲ၌ ငွေကြယ်ပွင့်လေးများအသင်းကို လေးဂိုး-နှစ်ဂိုး၊ ရဲမွန်အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ရွက်သစ်အသင်းကို ၁၂ ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းလူငယ် အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲတွင် ဝီရအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အကြံပေးဦးကီးလှတင်က တတိယတန်းကွင်းဖွင့်ပြိုင်ပွဲ ဒုတိယဆုရ ဝီရအသင်းနှင့် ဒုတိယတန်း ကွင်းဖွင့်ပြိုင်ပွဲ ဒုတိယဆုရ ပပနအသင်းတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဒုတိယဗိုလ်မှူးကြီး လှမော်ဦးက တတိယတန်းအမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ဝီရအသင်းနှင့် ဒုတိယတန်း အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ အား/ကာ သိပ္ပံ(ရန်ကုန်)တို့ကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ကိုက တတိယတန်း ကွင်းဖွင့်ပြိုင်ပွဲ ပထမဆုရ ၃၂၃-ထပရ အသင်းနှင့် အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ပထပအသင်းတို့အား ပထမဆုဖလားနှင့် ဆင့်ပွားဖလားကိုလည်းကောင်း၊ ဒုတိယတန်း၊ တတိယတန်း ကွင်းပိတ် (ရှုံး/ထွက်)ပြိုင်ပွဲ ဒုတိယဆုရ ဝီရအသင်းအား တစ်ဦးချင်း ဆုတံဆိပ်တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဒုတိယတန်း၊ တတိယတန်း ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲပထမဆုရစီးပွား/ကူးသန်း(ခ)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း၊ ဒုတိယတန်း ကွင်းဖွင့်ပြိုင်ပွဲ ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲနှင့် ဒုတိယတန်းနှင့် တတိယတန်း ကွင်းပိတ် (ရှုံး/ထွက်)ပြိုင်ပွဲတို့တွင် ပထမဆုရ ရရှိခဲ့သော စီးပွား/ကူးသန်း(ခ)အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် ဒုတိယတန်း၊ တတိယတန်း ကွင်းပိတ် (ရှုံး/ထွက်)ပြိုင်ပွဲ ပထမဆုရ စီးပွား/ကူးသန်း(ခ)အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဗိုလ်လုပွဲအပြီးတွင် ဒုတိယတန်း၌ တစ်ရာသီတည်း ဖလားသုံးခုရရှိခဲ့သော စီးပွား/ကူးသန်း(ခ) အသင်းအား ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ စီးပွား/ကူးသန်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှမော်ဦး (အထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး)က ပြောကြားရာတွင် "မိမိတို့မျှော်လင့်ထားသလို အသင်းက တစ်ရာသီတည်း ဖလားသုံးခု ရယူနိုင်ခဲ့၍ များစွာဝမ်းသာမိပါကြောင်း၊ စီးပွား/ကူးသန်း(ခ)အသင်းမှာ လာမည့် ဘောလုံးရာသီတွင်ပထမတန်း၌ ကစားရမည်ဖြစ်ကြောင်း၊ အသင်းတွင်ရှိသည့် စိတ်ဓာတ်၊ စည်းကမ်း၊ ကျွမ်းကျင်ကြံ့ခိုင်မှုတို့ဖြင့် ပွဲများဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပထမတန်းတွင်လည်း အောင်မြင်မှုရရှိပြီး အဆင့်မြင့်တန်းသို့ ထပ်မံတက်ရောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုအသင်းကို ၂၀၀၃ခုနှစ် ဒုတိယအကြိမ် စီးပွား/ကူးသန်း ဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲမှ ထွက်ပေါ်လာသည့် လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း၊ အသင်းမှ ကလေးများမှာ အသက်အငယ်ဆုံး(၁၆)နှစ်ဖြစ်ပြီး အကြီးဆုံးမှာ အသက်(၂၀)ပင် မပြည့်သေးကြောင်း၊ အသင်းကို ရန်ကုန်တိုင်း ကုန်သွယ်/လယ်ယာက ကိုင်တွယ်ပြီး ကိုယ်ဖိရင်ဖိ ဆောင်ရွက်ပြီး ရုံးချုပ်က ပံ့ပိုးမှုများကို ဆောင်ရွက်ပေးကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ဖွဲ့စည်းထားသော အသင်းသုံးသင်းစလုံး အဆင့်မြင့်တန်း၌ ရပ်တည်ပြီး အောင်မြင်မှုရအောင် ကြိုးစားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

အောင်ပွဲရ ချန်ပီယံသုံးဆုပိုင်ရှင် စီးပွား/ကူးသန်း(ခ)အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဗိုလ်မှူးအောင်နိုင်ဦး (ရန်ကုန်တိုင်းမန်နေဂျာ)၊ နည်းပြချုပ် ဦးမျိုးဝင်း၊ လက်ထောက်နည်းပြ ဦးစောနေဒါ၊ အားကစားသမားအဖြစ် ဂိုးသမား-သီဟစည်သူနှင့် သက်နောင်စိုး၊ နောက်တန်း-ဉာဏ်ထွန်း၊ စိုးမိုးအောင်၊ လင်းထိုက်၊လှမင်းသိန်း၊ လတ်ကိုကိုအေး၊ အောင်မျိုးသန့်၊ စောမူပလူထူး၊ မင်းကိုကို၊ အောင်ထွန်း၊ ဖြိုးဝေစိုး၊ အလယ်တန်း-အောင်မင်းဦး၊ ရာဇာဝင်းသိန်း၊ အောင်မျိုးမြတ်၊ စောအယ်ဖွယ်မူး၊ ရှေ့တန်း-ထူးကျော်၊ စောဒိုးစိုး၊ ကျော်ဆန်းလင်း၊ အောင်ရဲထွဋ်နှင့် နေလင်းထိုက်တို့ ပါဝင်ကြသည်။ (ကြေးမုံ)

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltd. **က အဓိကပံ့ပိုးမည့် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ–၂၀၀၄ ကျင်းပရေးနှင့်စပ်လျဉ်းသည့်သတင်းစာရှင်းလင်းပွဲတွင်** MPGA **နှင့်** MGF **ဥက္ကဋ္ဌ ဦးဝင်းလှိုင် ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ–၂၀၀၄ မြို့ကြီးခြောက်မြို့တွင် ကျင်းပမည်ဖြစ်ပြီး ဆုကြေးငွေ ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltd. **က အဓိကပံ့ပိုးမည့် မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ–၂၀၀၄ ကျင်းပရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ MPGAနှင့် MGF ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ Rothmans of Pall Mall Myanmar Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend Ng၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်း နာယက ဦးလှထွေးနှင့် အသင်းဝင် နိုင်ငံခြားသတင်းထောက်များ၊ MPGA အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်နှင့် အမှုဆောင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ MPGA နှင့် MGF ဥက္ကဋ္ဌ ဦးဝင်းလှိုင်က မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ–၂၀၀၄ ကျင်းပရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် Rothmans of Pall Mall Myanmar Pte., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Arend Ngနှင့်Myanmar PGA အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်တို့က ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် မေးမြန်းချက်များကို MPGA နှင့် MGFဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ MPGA အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ထိုက်ထိုက်တန်တန်

ယခုနှစ်ပြိုင်ပွဲများကို မန္တလေး၊ မုံရွာ၊ ပုဂံ၊ တောင်ကြီး၊ မြိတ်နှင့် ပဲခူးမြို့တို့တွင် ပြိုင်ပွဲအမျိုးအစားအလိုက် ကျင်းပသွားမည်ဖြစ်ပြီး ဆုကြေးငွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ–၂၀၀၄တွင် ဆုကြေးအဖြစ် ပထမဆုငွေ ကျပ် ၈၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၄၀၀၀၀၀၊ တတိယဆုငွေကျပ် ၂၅၀၀၀၀၊ စတုတ္ထဆုငွေကျပ် ၂၀၀၀၀၀၊ ပဉ္စမဆုငွေကျပ် ၁၇၅၀၀၀နှင့် အနည်းဆုံး ဆုကြေးအဖြစ် အမှတ်စဉ် (၂၅)ရရှိသူအား ငွေကျပ် ၅၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် Co-Sponsors များ ဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Alpine Drinking Water၊ Htoo Trading၊ K.M Golf Centre၊ Maruman၊ Tour Stage၊ Srixon၊ Wilson၊ Grandslam (Munsing Wear)၊ Accel International Co., Ltd (Canon)၊ Sedona Hotel (Mandalay)၊ Sunfar Travels & Tourနှင့် Han Event Managementတို့ကလည်း ပံ့ပိုးကူညီကြမည်ဖြစ်သည်။

(သတင်းစဉ်)

ကျိုက်လတ်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၆

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အမှတ်(၈) ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်ရှိ အသင်းတိုက်၌ ဩဂုတ် ၇ရက် နံနက် ၁၀နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ပါရန်နှင့် လှူဒါန်းလိုသော အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို အသင်းရုံး ဖုန်း–၅၀၁၅၁၈၊ ဦးမောင်ညိမ်း ဖုန်း–၆၆၇၁၃၂၊ ဦးကျော်မြင့် ဖုန်း–၂၆၉၂၀၁၊ ဦးကျော်ရင် ဖုန်း–၅၆၀၅၂၀၊ ဒေါ်သိန်းသိန်းဖော် ဖုန်း–၅၅၅၆၇၀၊ ဒေါ်မြင့်မြင့် ဖုန်း–၆၉၉၄၇၀၊ ဒေါ်မိမိ ဖုန်း–၅၁၃၄၁၃ နှင့် ဒေါ်သန်းသန်းအေး ဖုန်း–၃၇၇၅၆၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၈)

ကြခင်းပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၆

လှိုင်မြို့နယ် (၅)ရပ်ကွက် ရတနာပုံ ၁လမ်း (ကမာရွတ်ဘူတာရုံအနီး) ကြခင်းပရိယတ္တိစာသင်တိုက်၌ ဝါကပ်တော်မူကြမည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒက (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အမှူးရှိသော သံဃာတော် အပါး ၁၅၀ တို့အား ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ဇူလိုင် ၃၁ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ်(၇၂) ရွှေပဒေသာ ပြည်လုံးချမ်းသာ ဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးဘိုကြီး၊ ဇနီး ဒေါ်သန်းသန်း မိသားစုတို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။ (က–ပ)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲဖွင့် အလှူရှင်များက အလှူငွေများ ပေးအပ်

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၄ခုနှစ် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ အလှူရှင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ယမန်နှစ်ချန်ပီယံအသင်းများဖြစ်သည့် ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် မန္တလေးတိုင်းအမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ပြန်လည်အပ်နှံကြသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ကျင်းပရေးနှင့် ပြိုင်ပွဲအကြို ကရာတေးဒိုင် သင်တန်းဖွင့်လှစ်ရေး ကုန်ကျစရိတ်များအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ အလှူငွေများ လှူဒါန်းကြရာ ကျော်ဇေယျာ Telecomunication Services Co., Ltd မန်နေဂျင်းဒါရိုက်တာ ဒေါက်တာနိုင်ဝင်းနှင့် ဟန်မြန်မာ အီလက်ထရောနစ် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစန်းနိုင်တို့က ငွေကျပ်သိန်း ၃၀၊ Metropolitan Industry Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်ထွေးက ငွေကျပ်ငါးသိန်း၊ စိုးမိုးကျော် ထီလုပ်ငန်းပိုင်ရှင် ဦးမျိုးသန့်က ငွေကျပ်လေးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍၂၀၀၃ခုနှစ်ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သော (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ် ရရှိခဲ့သော မယင်းဝှာထောင်းလွယ်အား ဂျပန်နိုင်ငံ SHOBUကရာတေးဒိုဝတ်စုံကိုကုမ္ပဏီမှ ချီးမြှင့်သည့် ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ကရာတေးဒိုဝတ်စုံကို ကုမ္ပဏီကိုယ်စား အဖွဲ့ချုပ်နာယက ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က ချီးမြှင့်သည်။

ထို့နောက် ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်တိုင်ပေ၌ ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာရှကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်ခတပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ မြန်မာ အမျိုးသားအသင်းအား ငွေကျပ်သုံးသိန်းနှင့် အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ မြင့်ဇော်ဦးကို ငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဥက္ကဋ္ဌက ပြိုင်ပွဲဝင်အသင်းများအား အမှတ်တရ အလံများနှင့် နည်းစနစ်ဆိုင်ရာ ဗွီစီဒီချပ်များကို ပေးအပ်သည်။

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းအသင်း ၁၃သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဇူလိုင် ၂၈ရက်အထိ ကျင်းပမည် ဖြစ်ပြီး နေ့စဉ်နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်း မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားများ သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြစဉ်။

(ကြေးမုံ)

လယ်သမားများ၏ အရန်ရိက္ခာ စပါးခင်းမှာ ငါးမွေးပါ

အရည်အသွေးကောင်း ဂုန်လျှော်/ ချဉ်ပေါင်လျှော် ထွက်ရှိရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်များ စတင်ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်–

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ ၃–၄ရက် အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက် အနည်းဆုံးလေးပေရှိပြီး ဖြည်းညှင်းစွာ စီးဆင်းနေသောရေတွင် တစ်လွှာချင်းဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင် ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သော တုံးများမသုံးစွဲဘဲ သစ်သားတုံး၊ ဝါးစသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တ (၁)ပတ်ကြာမှစ၍ နေ့စဉ် လျှော်ဖောင်အား နူး/မနူးစမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပိုက်ကျော်ခြင်းအားကစား တိုးတက်ဖို့ အားလုံးကူညီကြိုးပမ်းစို့

သတင်းဆောင်းပါး-တက္ကသိုလ်မြင့်ကျော်

ယခုအခါ နိုင်ငံတော်အစိုးရ အနေဖြင့် “အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြခြင်းဖြစ်သည်”၊ “အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်”ဟူသော ဆောင်ပုဒ်များနှင့်အညီ အားကစားအဖွဲ့ချုပ်များကို လုပ်ငန်းရှင်ကြီးများအား ဦးဆောင်စေပြီး အားကစားအဆင့်အတန်း တိုးတက်လာစေရန် မှန်ကန်သော ဦးဆောင်မှုများ ပေးလျက်ရှိသည်။ ၂၀၀၄ ခုနှစ်၏ အစပိုင်းတွင်ပင် မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြပ်မတ်မှုတို့ဖြင့် အားကစားအဖွဲ့ချုပ်များ၏ အားကစားလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သောအားဖြင့် အားကစားအဖွဲ့ချုပ်နှစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ကို အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဦးချစ်ခိုင်(မန်နေဂျင်းဒါရိုက်တာ၊ ဒေဝ်ဆောက်လုပ်ရေး) အပါအဝင် ယခုအခါ အမှုဆောင် စုစုပေါင်း ၂၁ဦး ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းပေးခဲ့သည့် ရက်မှာ ၁၉၉၁ခုနှစ် မတ်လ ၂၂ ရက်နေ့ ဖြစ်သည်။ အဆက်ဆက် ဦးဆောင်ခဲ့သူများနှင့် အားကစားသမားများ၏ ကြိုးပမ်းမှုကြောင့် အချိန်တိုအတွင်း အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အာရှ အားကစားပြိုင်ပွဲနှင့် ဖိတ်ခေါ်ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ခဲ့သည်။ ခုနှစ်အားဖြင့် (၁၉၉၇-၁၉၉၈) ဝန်းကျင်တွင် အောင်မြင်မှု အမြင့်မားဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။

ယခုအခါ အသစ်ဖွဲ့စည်းပေးထားသည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များသည် ဆွေးနွေးတိုင်ပင်ကြပြီး လက်ရှိ ပိုက်ကျော်ခြင်း လက်ရွေးစင် အားကစားသမားများကို ထိန်းသိမ်းမြှင့်တင်ရင်း မျိုးဆက်သစ် လူငယ် ပိုက်ကျော်ခြင်း လက်ရွေးစင်များ ပေါ်ထွန်းလာရေး၊ ပိုက်ကျော်ခြင်း အားကစားနည်းကို တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအတွင်း ပျံ့နှံ့ရေးတို့ အတွက် အစီအမံများဖြင့် ကြိုးစား ဆောင်ရွက်လျက် ရှိနေပြီဖြစ်သည်။ ပထမဆောင်ရွက်ချက်အနေဖြင့် (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ၂၄-၃-၂၀၀၄မှ ၃၁-၃-၂၀၀၄ထိ ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်း အားကစား ပြိုင်ပွဲရုံ၌ ကျင်းပပေးခဲ့သည်။ ဆုကြေးအဖြစ် ကျပ်သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း၊ ငါးသောင်းအထိ ချီးမြှင့်ပေးခဲ့သည့်အပြင် နယ်မှလာပြိုင်သည့် အသင်းများအား ခရီးစရိတ်၊ စားစရိတ်၊ ရန်ကုန်မှ အသင်းများအား စားစရိတ်များအပြင် ပိုက်ကျော်ခြင်း တစ်လုံးစီကိုလည်းကောင်း၊ ဝန်ကြီးဌာန ပိုက်ကျော်ခြင်းအသင်းများကို ပိုက်ကျော်ခြင်း ပိုက်တစ်ခုနှင့် ခြင်းလုံး တစ်လုံးစီကို အခမဲ့ထုတ်ပေးခဲ့သည်။ ယခုကဲ့သို့ ထောက်ပံ့ခြင်းသည် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။

ပြည်ပပြိုင်ပွဲအနေဖြင့် ထိုင်းနိုင်ငံတွင် ပြုလုပ်သည့် အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲကိုလည်း အားကစားသမား (ကျား/မ)၊ အဖွဲ့ချုပ် အမှုဆောင်များ စုစုပေါင်းအင်အား ၄၅ဦးဖြင့် စုစုပေါင်း ငွေကျပ်၁၇၂သိန်းကျော်သုံးစွဲပြီး အားကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်အဖြစ်လည်းကောင်း၊ အမှုဆောင်များအနေဖြင့် အကဲခတ်လေ့လာရေး အတွက်လည်းကောင်း သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ လေ့ကျင့်ရက် ၁၈ ရက်နှင့် ရွှေတံဆိပ်မရခဲ့သော်လည်း ကြေးတံဆိပ်နှစ်ခု ရရှိခဲ့ပြီး ယခင် သူတင်ကိုယ်တင် ပြိုင်နေရသည့် မလေးရှားကို ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့သည်။ ဤကဲ့သို့ ငွေကြေး အမြောက်အမြား သုံးစွဲပြီး ယှဉ်ပြိုင်နေခြင်းသည် အောင်မြင်မှုရရှိရေး အတွက် ရင်းနှီးမြှုပ်နှံနေခြင်းပင် ဖြစ်သည်။ ထို့ပြင် နည်းပြတစ်ဦး အတွက် တစ်လ ကျပ် ၄၀၀၀၀၊ အားကစားသမားတစ်ဦးအတွက်တစ်လ ကျပ် ၃၀၀၀၀ နှုန်းအပြင် အားကစား သမားများကိုလည်း တစ်ရက်ကျပ်၁၅၀၀ နှုန်းဖြင့် စခန်းသွင်း ကျွေးမွေး လေ့ကျင့်ပေးလျက်ရှိနေပြီဖြစ်သည်။

လစာထောက်ပံ့ကြေး၊ ကျွေးမွေးစရိတ်၊ ကျန်းမာရေး၊ ဧည့်ခံရေးနဲ့ အထွေထွေစရိတ်အဖြစ် တစ်လ ခန့်မှန်းခြေ ကျပ် ၃၁ သိန်းကျော် သုံးစွဲနေခြင်းဖြင့် ပိုက်ကျော်ခြင်း အားကစားနည်း ပြန်လည်အောင်မြင်မှုရရှိစေရေး တို့အတွက် ဦးတည်ရည်ရွယ်ကြောင်း နှင့် ကုန်ကျငွေများကို ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလှူရှင်များက ပံ့ပိုးလှူဒါန်းပေးနေခြင်း ဖြစ်သည်ဟု လည်း သိရှိရပါသည်။

ပိုက်ကျော်ခြင်းအားကစား တိုးတက်လာရေးအတွက် အဓိကဖြစ်သော ခြင်းလုံးနှင့် ပိုက်များကိုလည်း ပြင်ပ ဈေးနှုန်းထက် သက်သာသောနှုန်းဖြင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် က ရောင်းချပေးလျက်ရှိသည်။ ထို့ပြင် မန္တလေးမြို့၌လည်း ပိုက်ကျော်ခြင်း အဖွဲ့ခွဲတစ်ခုကိုထားရှိပြီး ပြိုင်ပွဲများ ကျင်းပနိုင်အောင် ကူညီဆောင်ရွက် လျက်ရှိနေပြီ ဖြစ်သည်။ ၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်အကြို BBB Cup အမျိုးသား အလွတ်တန်း ပိုက်ကျော်ခြင်း(REGU) ပြိုင်ပွဲကို ၂-၆-၂၀၀၄ ရက်မှ ၆-၆-၂၀၀၄ ရက်ထိ မန္တလေးမြို့ ဇထူးအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ပြုလုပ်ပေး ခဲ့သည်။ မြန်မာ့ပိုက်ကျော်ခြင်း လက်ရွေးစင် ဖြစ်ဖူးသူများ ပါဝင်ခွင့် မရှိဘဲ ဆုကြေးအဖြစ် ကျပ်နှစ်သိန်း၊ ကျပ် တစ်သိန်းခွဲ၊ တစ်သိန်းနှင့် ကျပ် ၅၀၀၀၀ ချီးမြှင့်ပေးခဲ့သည်။ ပြိုင်ပွဲဝင်အသင်းအနေဖြင့် ၄၄ သင်း ပါဝင်ခဲ့သည်။ ရန်ကုန်မြို့၌လည်း ၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်း အမှတ် ILBC Cup အမျိုးသား အလွတ်တန်းပိုက်ကျော်ခြင်း(REGU) ပြိုင်ပွဲကို ၂၇-၆-၂၀၀၄ ရက်မှ ၂-၇-၂၀၀၄ ရက်ထိ ရန်ကုန်မြို့၊ သုဝဏ္ဏ ပိုက်ကျော်ခြင်း အားကစား ပြိုင်ပွဲရုံ၌ ကျင်းပပေးခဲ့သည်။ လက်ရှိ စခန်းသွင်း လေ့ကျင့်ရန် သတ်မှတ်ထားခဲ့သည့် လက်ရွေးစင် များ ပါဝင်ခွင့်မရှိဘဲ ဆုကြေး ကိုလည်း မန္တလေးနည်းတူ ချီးမြှင့် ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ပြုလုပ် ပေးနေခြင်းသည် ပိုက်ကျော်ခြင်း ကလပ်များ ပေါ်ထွန်းလာရေး၊ မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာရေးနှင့် ပိုက်ကျော်ခြင်း အားကစားနည်း တစ်နိုင်ငံလုံး ပျံ့နှံ့ ရောက်ရှိစေရေးတို့အတွက် အထူး အလေးထား ဆောင်ရွက်နေခြင်းဖြစ် ကြောင်း သိသာပါသည်။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်သည် ပြည်တွင်း၌ ပိုက်ကျော်ခြင်း အားကစားနည်း ကျယ်ပြန့် တိုးတက်လာစေရေးကို အစဉ်တစိုက် ဆောင်ရွက်ပေးနေ သကဲ့သို့ နိုင်ငံတကာတွင် ကျင့်သုံး တော့မည့် ပိုက်ကျော်ခြင်းနှစ်ယောက် တွဲ ပြိုင်ပွဲကိုလည်း သတင်းများရယူ ဖြန့်ဖြူးပေးနေပြီး မကြာမီ ပြိုင်ပွဲ ပြုလုပ်ပေးတော့မည်ဖြစ်သည်။

ယခု နှစ်ယောက်တွဲပိုက်ကျော်ခြင်း ပြိုင်ပွဲကို ၂၀၀၆ ခုနှစ် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည့် (၁၅)ကြိမ် မြောက် အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်း ကျင်းပမည်ဖြစ်သည်။ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ် မည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော် ခြင်းပြိုင်ပွဲ၌ ထည့်သွင်းကျင်းပရန် လျာထားပြီးဖြစ်သည့်အတွက် မြန်မာ နိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အနေ ဖြင့်လည်း ပြည်နယ်/တိုင်း ပိုက် ကျော်ခြင်းပြိုင်ပွဲတွင် ထည့်သွင်း ကျင်းပရေး စီစဉ်ဆောင်ရွက်လျက်ရှိ နေပြီ ဖြစ်ကြောင်းလည်း သိရှိရ ပါသည်။

၎င်းနှစ်ယောက်တွဲ ကစားနည်း သည် သုံးယောက်တွဲ ကစားနည်း ကိုလည်း အထောက်အကူဖြစ်သော ကြောင့် မြန်မာနိုင်ငံတွင် ကျယ်ကျယ် ပြန့်ပြန့် စတင်ကစားကြရန် လိုအပ် နေပြီဖြစ်ပါသည်။

အားကစားနည်းတစ်ခု ဆိုသည်မှာ ပံ့ပိုးကူညီသူများ မည်မျှလောက် ပံ့ပိုးကူညီထောက်ပံ့ ပေးနေစေကာမူ အားကစားသမားများအနေဖြင့်လည်း ခံယူချက်အပြည့် စိတ်ဓာတ်ပြင်းပြင်း ဖြင့် ကြိုးစားလေ့ကျင့်ကြရန် လိုအပ် လှပါသည်။ အားကစားသမား၊ နည်းပြ၊ အုပ်ချုပ်ပံ့ပိုးကူညီသူများ၏ ခိုင်မြဲချစ်ခင် စည်းလုံးညီညွတ်မှုသာ အောင်မြင်သော အားကစားနည်းများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ပိုက်ကျော်ခြင်း အားကစား အောင်နိုင် ရန် ပိုက်ကျော်ခြင်း ချစ်သူအားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက် ရပါသည်။ ။

(ကြေးမုံ)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနား-တောင်တွင်းကြီးလမ်း မိုင်တိုင်(၂၃) လမ်းဘေး ဝဲ-ယာ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမြင့်၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်လတ်၊ မန္တလေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ညွှန်ကြားရေးမှူး ဦးသီရိတင်နှင့် ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနရှိ သစ်တော ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ ဝင်များ၊ တပ်နယ်နှင့် ဒေသခံပြည်သူ လူထု စုစုပေါင်း ၇၂၀၀ တို့သည် ရတနာတန်းဝင် ကျွန်းပင်ပေါင်း ၈၁၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

(သတင်းစဉ်)

ဇောတနာရာမကျောင်း တတိယအကြိမ်မြောက် ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၆

အလုံမြို့နယ် သစ်တောလမ်း ဇောတနာရာမ ပရိယတ္တိစာသင်တိုက် တွင် ဇူလိုင် ၂၇ ရက်၌ ရွှေညဝါပညာ့ ဗိမာန်ဆရာတော် အရှင်ပညာသီဟ၊ ၂၈ ရက်တွင် ကျောက်တစ်လုံး ဆရာ တော် ဓမ္မဒူတအရှင်ဝါသေဋ္ဌာဘိဝံသ၊ ၂၉ ရက်တွင် မုဒုံဆရာတော် ဓမ္မဒူတ အရှင်ကောသလ္လ၊ ၃၀ ရက်တွင် ယော ဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသနှင့် ၃၁ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒက ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ် လပြည့်နေ့ထိ ဝါတွင်းသုံးလပတ်လုံး ဥပုသ်နေ့တိုင်း ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဆူးလေ အဘိဓမ္မာအသင်း ဝါတွင်းတရားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း ကြီးတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်သော အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်အရှင်သီရိန္ဒာဘိဝံသက ဒုတိယ ဝါဆိုလပြည့် (ဇူလိုင် ၃၁ ရက်)တွင်လည်းကောင်း၊ စွန်းလွန်းဂူ ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သုန္ဒရက ဝါဆိုလကွယ် (ဩဂုတ် ၁၅ ရက်)တွင်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဇဓမဟာရဋ္ဌဂုရု အောင်မြေဘုံစံ ဆရာတော် အရှင်ပညိန္ဒာဘိဝံသက ဝါခေါင်လပြည့် (ဩဂုတ် ၃၀ ရက်)တွင် လည်းကောင်း၊ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)က သီတင်းကျွတ်လဆန်း ၈ရက် (အောက်တိုဘာ ၂၁ရက်)တွင်လည်းကောင်း၊ ကျန်တရားဟောအကျော် ဓမ္မကထိက ဆရာတော်များက ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ၁နာရီမှစ၍ နိဗ္ဗာန် ရောက်ကြောင်း တရားဒေသနာ ဟောကြားချီးမြှင့်မည်ဖြစ်၍ သူတော်စင် အပေါင်းတို့ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့ ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင် ကျောင်းတိုက်တွင် ဝါကပ်တော်မူကြမည့် ပဓာနနာယက (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ) ယောဆရာတော် အမှူးပြုသော စာချ၊ စာသင် သံဃာတော် ၁၆၅ ပါးနှင့် ပင့်သံဃာ ဆရာတော်ကြီးများအား (၃၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ၊ ဆွမ်းဆန်တော် လှူဒါန်းပွဲ၊ ၁၃၆၅ ခု အစိုးရ ပထမပြန် စာမေးပွဲတွင် ဤကျောင်းတိုက်မှ ပထမကြီးတန်း ရန်ကုန်တိုင်း ဒုတိယ ဂုဏ်ထူးရ အရှင်ဝိစ္ဆာနန္ဒာလင်္ကာရ၊ ပထမလတ်တန်း ရန်ကုန်တိုင်း ပထမ ဂုဏ်ထူးရအရှင်ဇဝနာလင်္ကာရ၊ ဒုတိယ ဂုဏ်ထူးရ အရှင်ဇာနေယျာလင်္ကာရ၊ တတိယဂုဏ်ထူးရ အရှင်ဥက္ကဋ္ဌတို့နှင့် သာမဏေကျော်ဘွဲ့ရငါးပါးအပါအဝင် ကျောင်းတိုက်စာအောင် သာသနာ့ အာဇာနည်တို့အား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို ၁၃၆၆ ခု ဒုတိယဝါဆို လပြည့် (စနေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားသည် ဇူလိုင် ၂၄ ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြား ရေးမှူးများ၊ ပြည်နယ်/တိုင်း ဦးစီး ဌာနမှူးများ၊ ရုံးချုပ်ရှိ အရာရှိကြီးများ တက်ရောက်ကြပြီး ရှေးဦးစွာ ပြည်နယ်/တိုင်း ဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြ ကြသည်။

ထို့နောက် ဝန်ကြီးက လိုအပ် ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာ၊ စည်းကမ်း ပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ များနှင့် ပတ်သက်၍ ဝန်ထမ်း အဆင့်ဆင့် လိုက်နာရမည့် အချက်များ ကို အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေး မှာကြားပြီး ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား က နိဂုံးချုပ် အမှာစကားပြောကြား ကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စိန်ထွား ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးရုံးချုပ်ရှိ အရာရှိများနှင့် ပြည် နယ်/တိုင်း ဦးစီးဌာနမှူးများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(လဝက)

ဆွမ်းစားကျောင်းဆောက်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်း သုခမ္မာတိုက်ကျောင်း သဒ္ဓမ္မဇောတိကဓဇ မဟာပဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ၏ ဆောက်လုပ်ဆဲ အောင်မြေရတနာ သုံးထပ်ဆွမ်းစားကျောင်းအတွက် ဆဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က ယင်းကျောင်း၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ဦးခင်မောင်သိန်း-ဒေါ်မြမြမိသားစုက ငွေကျပ်ငါးသိန်း၊ ကျောက်မြောင်း အောင်မင်္ဂလာလမ်း အမှတ်(၂၀)နေ ဦးဖိုးထူး-ဒေါ်မီမီစိမ်း မိသားစုက ငွေကျပ်၁၅သိန်း၊ ကျောက်မြောင်း ဒဂုဏ်သီရိလမ်းနေ ဦးထွန်းမြင့်-ဒေါ်သန်းသန်းဌေး မိသားစုကငွေကျပ်တစ်သိန်း၊ ကျောက်မြောင်း နတ်စင်လမ်းနေ ဦးမျိုးမြင့် - ဒေါ်ညွန့်ညွန့်ဌေး (တော်ဝင် ခန်းဆီးလိုက်ကာ) မိသားစုက ငွေကျပ်သုံးသိန်းနှင့် တာမွေမြို့နယ် ဩဘာလမ်း အမှတ်(၁၃)နေဒေါ်တင်ရွှေ၊ သမီးမရင်ရင်မိသားစုက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကြီးကြပ်မှုအင်ဂျင်နီယာက လက်ခံရယူသည်။ **(အောက်ပုံ)**

(က-ပ)

SHARP be sharp™
AR-M160
Digital Multifunction
Built-in
- A3 Printer
- A3 Copier
- A3 Colour Scanner
Special Discount
Authorized Sole Distributor
PRIME - BOSS Company Limited

ဂရုလည်း ချန်ပီယံ သင်လည်း ချန်ပီယံ
ရှင်ဘုန်းစေတဲ့ ချန်ပီယံ

ချန်ပီယံဝေါက်စ်ကီများကို အောက်ပါလိပ်စာအသစ်တွင် လာရောက် လဲလှယ်ထုတ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပြောင်းရွှေ့ပြီးပါ

IBTC

Tel : 95-1-662512, 244795, 651741 Fax : 95-1-663675
E-mail: ibtcygn@mptmail.net.mm http://www.royalwhisky.com

မွေးနေ့ဆုတောင်း

၂၆-၇-၂၀၀၇ ရက်တွင် ကျရောက်ခဲ့သော ဦးအုံးကျော် (ပိုက်ကျော်ခြင်း-အထက်မြန်မာပြည်တာဝန်ခံ) မောင်ရဲ့ မွေးနေ့မှာ ရည်မှန်းချက်များ အောင်မြင်ပါစေ။

လောကခံကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ပါစေဟု ဆုတောင်းပါတယ်။

ချစ်ဇနီး-ခင်စိုးစိုးရီ။

ဝယ်လိုသည်

အသုံးပြုနေသော ရေခဲမုန့်စက်၊Deep Freezer၊
Ph-561596
09 500 1394။

ရဲယိုသီးဝယ်သည်။
ဖုန်း-၆၆၆၄၇၂။

ကားရောင်းမည်
Hilux Double Cub
4 x 4 ဒီဇယ်
90 Model (၈က/---)
ဖုန်း-၅၄၂၆၉၁။

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၆-၇-၂၀၀၇)

ကော့သောင်း	- ၆ ဒသမ ၅၄ လက်မ
ထားဝယ်	- ၂ ဒသမ ၆၀ လက်မ

ဝင်းသိန်းဦး

THREE FRIENDS CO., LTD
CONSTRUCTION & DECORATION
- Modern Furniture
- Wall Covering
- (PAE, Supervision)
44A (1) Ph : 01-201121, 294864

HELLO School of English
4-in skills - QUALITY CLASS
A. Z. Hninn & Qualified Teachers
(B.A(Eng:), M.A, Dip in E.L.T)
July 27, 29 August 1,3,5
ph : 298506

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ထွန်းထွန်းအောင် [၉/ခမစ (နိုင်) ၀၀၁၃၃၂]သည် မိဘညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်အရှက်တကွဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်သည်။ (နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စများကို လုံးဝတာဝန်မယူပါ။)**မိဘများ- ဦးချို(၉/မနတ(နိုင်)၀၇၃၀၃၂]**
ဒေါ်ခင်အုန်းမြင့်(၉/မနတ(နိုင်)၀၇၃၃၃၅]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ ဒိုင်းမွန်း ဒါ၀တ်၊ မြေကွက်အမှတ်(၉)၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာသုညဒသမ၃၀၁ဧကရှိ (အစိုးရမြေ)၊ဖန်စက်လမ်း၊အမှတ်(၁)လမ်း၊ကမ်းနား၊အလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သောမြေကွက်ကို ဦးခင်စိန်၊ ဒေါ်စိန်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း) ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ဆေးပင်
အကြောအားတိုးဆေး

အသိအမှတ်မပြုပါ

၂၈-၉-၉၄နေ့ထုတ် မြန်မာ့အလင်းနှင့် ၃၀-၉-၉၄နေ့ထုတ် ကြေးမုံသတင်းစာများတွင် မောင်မင်းသိန်းက ကျွန်မနှင့်လက်ထပ်ပြီးစီးကြောင်း ကြေညာခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်မနှင့်မောင်မင်းသိန်းတို့သည် ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသည့်ကာလ ဖြစ်ပါသည်။ အဝေးရောက်နိုင်ငံသားချင်း ခင်မင်စွာဆက်ဆံခဲ့သည်မှအပ ကျွန်မနှင့်မောင်မင်းသိန်းတို့သည် ဂျပန်နိုင်ငံတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း လက်ထပ်ပေါင်းသင်း နေထိုင်ကြခြင်းလုံးဝမရှိခဲ့ပါ။

ကျွန်မသည် မြန်မာနိုင်ငံသို့ပြန်ရောက်ရှိချိန်တွင်မှ ယင်းသို့ကြေညာခဲ့ကြောင်းသိရှိရပါသည်။ သို့ပါ၍ မောင်မင်းသိန်း၏ လက်ထပ်ပြီးကြောင်း ကြော်ငြာသည် တစ်ဖက်သတ်ကြေညာခြင်းသာဖြစ်ပါကြောင်း၊ လုံးဝ အသိအမှတ်မပြုပါကြောင်း ကြေညာအပ်ပါသည်။ **မကျော့ကျော့ခင်**
[၁၂/ဒဂန(နိုင်)၀၁၇၅၇၁]
တိုက်-၂၇၊ အခန်း-၄၊ ဦးဝိစာရအိမ်ရာ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

Fancy House Hair & Beauty Salon

TECH Training Centre
City & Guilds (UK, London) Engineering & IT Diploma
* Mechanical Engineering
* Mechatronics Engineering
* Civil Engineering
* Electronics Engineering
* Electrical Power Engineering
* Information Technology
Programmable logic Control (PLC)
Computerised Numerical Control (CNC)
Electronic Skill Course (Level 1,II)
Air-Con & Refri: Repairing
Welding (Arc & Gas)
Electrical Wiring
Industrial Motor Control
Windows & Office Application
DTP, Graphic Design
PC Upgrading & Maintenance
ICT (Level I,II): Programming (C++,VB, Java)
Microsoft Access, Auto CAD
Internet & E-mail, Web Design
785782, 539531, 505986

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင် မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာနှင့်ဓာတုဗေဒ ဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသောတိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ် စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့် မြို့များ၌ **၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့**တွင် စတင်ဖြေဆိုကြ ရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့် အချိန်ကိုသတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက် အစစ်ဆေး ခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့ သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာ တင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်–

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့ တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ အသက်(၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါ စိတ်ကြိုက်ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများ ဖြစ်ရမည်–

(၁) **တပ်မတော်ဆေးတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ နှင့်ဇီဝဗေဒ ဘာသာ တွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင် သော သင်္ချာဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူ နိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင် များသာ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုး ညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်–

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်း စစ်ဌာနချုပ်တည်ရှိသည့်မြို့၌ အောက်ဖော်ပြပါ နေ့ရက်များအတိုင်းစတင်ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆို ရမည့် နေရာ နှင့် အချိန်ကို သတင်းစာ မှ ကြော်ငြာ ပေးမည်–

(က) **တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည် အချင်းစစ် စာမေးပွဲ ဖြေဆို ရမည့်ရက်** (၁၉-၉-၂၀၀၄)

(ခ) **တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်** (၂၀-၉-၂၀၀၄)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာလျှောက်လွှာတွင် ဖော်ပြထားသည့်ခုံအမှတ်အတိုင်း ဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန် မကန် ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာ များနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာ များအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။